http://www.dhammadownload.com

ပဲခူးမြို့

ဝင်းနိမ္မိတာရုံကျောင်းတိုက်

ပဓာန နာယကဆရာတော်

ဝိနယာဓိကပရိယတ္တိ ပထမကျော်

နိုင်ငံတော်အစိုးရ ပထမကျော်

သက္ကသီဟ၊ စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ

အင်္ဂုတ္တရနိကာယပါဠိပါရဂူ၊ ဒီဃဘာဏက

အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ

# အရှင်မုနိန္ဒာဘိဝံသ

(ကြခတ်ဝိုင်း)

၏

# ယမကာ ရှင်းတမ်း

(ပထမလတ်တန်းအတွက်)

ယမကာ ရှင်းတမ်း ၏ မုနိန္ဒာဘိဝံသ

ဤယမကရှင်းတမ်း၌

အောက်ယမိုက် ၅ - ကျမ်းကို

ပထမလတ်တန်းဝင် အရှင်မြတ်တို့

လွယ်ကူစွာနားလည်သဘောပေါက်စေရန်၊

❊ ဝိဘင်း ထုတ်ပုံဇယားများ၊

❊ အရကောက်ပုံများ၊

❊ မှတ်သားဖွယ်အဓိပ္ပါယ်များ၊

❊ ကျက်မှတ်ဖွယ်ဆောင်ပုဒ်များဖြင့်

ပြည့်စုံစွာ ရှင်းလင်းဖော် ပြထားပါသည်။

http://www.dhammadownload.com

ပဲခူးမြို့
ဝင်းနိမ္မိတာရုံကျောင်းတိုက်
ပဓာန နာယကဆရာတော်

ဝိနယာဓိက ပရိယတ္တိ ပထမကျော်
နိုင်ငံတော်အစိုးရ ပထမကျော်
သကျသီဟ၊ စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ
အင်္ဂုတ္တရနိကာယပါဠိပါရဂူ၊ ဒီဃဘာဏက
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ
အဂ္ဂမဟာ ပဏ္ဍိတ

# အရှင်မုနိန္ဒာဘိဝံသ
(ကြခတ်ဝိုင်း)
၏

# ယမကရှင်းတမ်း

(ပထမလတ်တန်း)

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - (၃၂၀၃၉၃၀၇၀၈)

ဒုတိယအကြိမ်

အုပ်ရေ (၁၀၀၀)

တန်ဖိုး(　　　)

၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ

ထုတ်ဝေသူ

ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)

၁၁၁၊ ၃၃ - လမ်း၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ

ဒေါ်အေးအေး(စန်းသော်တာ - ပုံနှိပ်တိုက်)

အခန်း(၈)/၅၃၊ ၅၅လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"
"အလှူဒါန ဟူသမျှ ဓမ္မဒါနကအောင်နိုင်သည်"

# မြတ်ဒါန အလှူရှင်

(ဦးကျင်ဟုတ်) + ဒေါ်ဌေးဌေး
မိသားစု
အမှတ်(၉)၊ ကုန်းမြင့်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

## ဆရာ့ဂုဏ်တော် မှန်းပူဇော်

အာစေရာနံ့ ပဂ္ဂဟောန၊ ပတ္တော’ဟ မနုဝမိုတံ။
တေသံ ဂုဏော’ဘိပူဇေမိ၊ အဂ္ဂါယ ဓမ္မပူဇယာ။

## ဆရာအမြတ် ကျေးဇူးဆပ်

ကြခတ်ဝိုင်းဆရာ၊ ထေရ်မဟာမှ၊
စ၍ ဦးသုံ၊ ဂုဏ်ပေါင်းစုံနှင့်၊
ကုံလုံ ပြည့်ငြား၊ ဆရာများ၏။
ကြီးမားကျေးဇူး၊ မြင့်မိုရ်ဦးကို၊
ရည်စူးမျှော်မှန်း၊ ဤရွှေကျမ်းဖြင့်၊
ကြိုးပမ်း၍သာ၊ ပေးဆပ်ပါသည်၊
ရင်မှာ ပီတိလွှမ်းစေသော်။

## အသင့်ကို ဆင် မသင့် ပြင်

ယမိုက်ကျမ်းသင်၊ ရဟန်း ရှင်တို့၊
လန်းရွှင်ချမ်းမြ၊ ရှုနိုင်ကြဖို့၊
ရေးပြလိုက်ရာ၊ ကျမ်းရွှေစာကို၊
သေချာ ဉာဏ်နှင့်၊ ဝေဖန်ချင့်၍၊
အသင့်ကို ဆင်၊ မသင့် ပြင်လော့။

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဆရာအမြွက်, ကျေးဇူးဆပ် | |
| | နိဒါန်း | |
| | ပဏာမ နှင့် ပဋိညာဉ် | |
| ၁။ | မူလယမက ..... ..... | ၁ |
| ၂။ | ခန္ဓယမက ပဏ္ဏတ္တိဝါရ ..... ..... | ၁၅ |
| ၃။ | အာယတနယမက ပဏ္ဏတ္တိဝါရ ..... ..... | ၂၅ |
| ၄။ | ဓာတုယမက ပဏ္ဏတ္တိဝါရ ..... ..... | ၃၄ |
| ၅။ | သစ္စယမက ပဏ္ဏတ္တိဝါရ ..... ..... | ၃၇ |
| ၆။ | ခန္ဓယမက ပဝတ္တိဝါရ ..... ..... | ၄၄ |
| ၇။ | ခန္ဓယမက ပရိညာဝါရ ..... ..... | ၆၈ |
| ၈။ | အာယတနယမက ပဝတ္တိဝါရ ..... ..... | ၇၀ |
| ၉။ | အာယတန ယမက ပရိညာဝါရ ..... ..... | ၁၀၂ |
| ၁၀။ | ဓာတုယမက ပဝတ္တိဝါရ ..... ..... | ၁၀၂ |
| ၁၁။ | သစ္စယမက ပဝတ္တိဝါရ ..... ..... | ၁၀၃ |
| ၁၂။ | သစ္စယမက ပရိညာဝါရ ..... ..... | ၁၂၇ |

http://www.dhammadownload.com

# ကြခတ်ဝိုင်း (ဝင်းနိမ္မိတာရုံ)
# ယမကရှင်းတမ်း
# (ပထမလတ်တန်းအတွက်)

## နိဒါန်း

=====

**စတင် ရေးသားပို့ချ။** ။ဤ "ကြခတ်ဝိုင်း (ဝင်းနိမ္မိတာရုံ) ယမကရှင်းတမ်း" *(ပထမလတ်တန်းအတွက်)* ကို ၁၃၃၁–ခုနှစ်တွင် မိမိ မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ (သကျသီဟ)အသင်း စာမေးပွဲ အောင်မြင်ပြီးနောက် ၁၃၃၂–ခုနှစ်၊ ဝါဆိုလဆန်း (၆)ရက်နေ့မှ စ၍ ရေးသားပို့ချခဲ့ရာ ထိုနှစ်မှာပင် ပြီးစီးနေခဲ့ပါသည်။ (မိမိ ရဟန်းဝါ ၄–ဝါရ အချိန်ကာလ ဖြစ်ပါသည်)။

**ဆက်လက်ပို့ချ ။** ။ ထို့နောက် မိမိ မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက် ဒုတိယနာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၏ ခြေတော်ရင်းသို့ သွားရောက်နေထိုင်ကာ တတ်လိုသည့် ဆန္ဒ ပြင်းပြနေသည့် သက္ကတစာပေများကို သင်ယူသောအခါ ကြခတ်ဝိုင်းစာချ (ယခု တောင်ငူမြို့ ပေါက်တောရွာ စမ်းအေး မြိုင်ကျောင်းတိုက် ပဓာန နာယက) ဘဒ္ဒန္တနန္ဒဝံသာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံကျော် ဓမ္မကထိက)က မိမိ စာမူအတိုင်း နှစ်ပေါင်းများစွာ ဆက်လက်ပို့ချတော်မူခဲ့ပါသည်။

**ကြခတ်ဝိုင်းမှုအဖြစ်။** ။ ၎င်းနောက် ကြခတ်ဝိုင်းတိုက်အုပ် (ဂ) အရှင်ကုဝေရာဘိဝံသ (မဟာဂန္ထဝါစကပဏ္ဍိတ)က **ရပ်တည် ရှင်သန်** ထိုမူအတိုင်းပင် နှစ်ပေါင်းများစွာ ဆက်လက်ပို့ချခဲ့ရုံသာမက ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက် အောင်ပင် ဆောင်ရွက်ခဲ့ပါသည်။ ကြခတ်ဝိုင်းမှ ထွက်ပြီး ရန်ကုန်မြို့ရှိ နာမည်ကျော်ကျောင်း တိုက်ကြီးတစ်တိုက်တွင် စာပေပို့ချခဲ့သည့် မိမိ၏ တပည့်တစ်ပါးကလည်း အမည်တစ်မျိုးဖြင့် စာအုပ်ဖြစ်အောင် ဆောင် ရွက်ခဲ့ဖူးပါသည်။ ဤသို့ဖြင့် မိမိကိုယ်တိုင် ၁၃၃၂–ခုနှစ် တစ်နှစ်မျှသာ ပို့ချခဲ့ဖူးသည့် ပထမလတ်တန်း ယမက စာမူသည် စာချဘုန်းကြီး တစ်ပါးပြီး တစ်ပါးပြောင်းသွားစေကာမူ မပြောင်းလဲဘဲ **"ကြခတ်ဝိုင်းကျောင်းတိုက်ကြီး၏ မူ"**အဖြစ် ဆက်လက်ရပ်တည်ကာ ရှင်သန်လာခဲ့ပါသည်။

**နှစ်ပေါင်းများစွာ ကြာမှ။** ။ အံ့ဩဖွယ်ကောင်းလောက်အောင် ဆန်းကြယ်သည့် မိမိ၏ ကံကြမ္မာအလှည့် **ထွက်ပေါ်လာ** အပြောင်းကြောင့် မိခင် ကြခတ်ဝိုင်းကျောင်းတိုက်ကြီးမှ ထွက်ခွါပြီး ပဲခူးမြို့ ကလျာဏီရပ်ကွက်တွင် ''**ဝင်းနိမ္မိတာရုံကျောင်းတိုက်**''ဟူသော အမည်ဖြင့် ကျောင်း တိုက် အသစ်တစ်တိုက်ကို တည်ထောင်ကာ ဆက်လက်၍ စာပေပို့ချသည့် အချိန်အခါရောက်မှ ဤပထမလတ်တန်း

http://www.dhammadownload.com

## နိဒါန်း



ယမကစာဝါကို ပို့ချဖို့ရာ အခွင့်အခါ ကြုံလာခဲ့ပါသည်။ ထိုအခါ မိမိစာမူကို ပြန်လည်ကြည့်ရှုကာ ပြုပြင်သင့်သည်များကို ပြုပြင်၍လည်းကောင်း၊ ဖြည့်စွက်သင့်သည်များကို ဖြည့်စွက်၍လည်းကောင်း ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ စာမူ ရေးပြီးခဲ့သော နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း (၃၆)နှစ်တောင် ကြာညောင်းခဲ့ပြီ ဖြစ်ပါသည်။ နောက်မှ ရေးသားပို့ချဖြစ်သော ပဌမကြီးတန်းအတွက် ယမကရှင်းတမ်းကိုပင် စတုတ္ထအကြိမ်တိုင်အောင် ရိုက်နှိပ်ထုတ်ဝေပြီးဖြစ်ပါသည်။

**ပို့ချစဉ်အတိုင်း ရိုက်နှိပ်။ ။** ဤပဌမလတ်တန်းအတွက် ယမကရှင်းတမ်းကို ပို့ချသင်ပြရာ၌ ဉာဏ်နုသော စာသင်သားတို့ကို ငဲ့ပြီး ပဏ္ဏတ္တိဝါရများကို အားလုံးကုန်စင် စုံလင်အောင် ကွန့်ပျူးတာဖြင့် စာမူရိုက်နှိပ်ပြီးမှ ပဝတ္တိဝါရများကို ဆက်လက်ရိုက်နှိပ်ကာ ပို့ချပေးခဲ့ပါသည်။ ထို့ကြောင့် စာအုပ်အဖြစ် ထုတ်ဝေရန် ကြံစည်စိတ်ကူးသောအခါ နဂိုရိုက်နှိပ်ပြီး အနေအထားကို မပြင်လိုသောကြောင့်လည်းကောင်း၊ ယင်းသို့ ပဏ္ဏတ္တိဝါရများကို ရှေးဦးစွာ တစ်စုတစ်ပေါင်းတည်း ကုန်စင်စုံလင်အောင် ပို့ချပြီးမှ ပဝတ္တိဝါရများကို ပို့ချပေးခြင်းသည် ဉာဏ်နုသော စာသင်သားတို့အတွက် ပို၍ အကျိုးသက်ရောက်မှုရှိသည်ဟု ယူဆသောကြောင့်လည်းကောင်း ပို့ချစဉ်အတိုင်းပင် ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

**အကျူအညီဖြစ်စေ ဆုမွန်ချွေ။ ။** "ကြခတ်ဝိုင်းမှုအဖြစ်" နှစ်ပေါင်းများစွာ ပို့ချသင်ပြပြီးမှ လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ကာ ရိုက်နှိပ်ထုတ်ဝေအပ်သော ဤ **"ဝင်းနိမ္မိတာရုံ(ကြခတ်ဝိုင်း) ယမကရှင်းတမ်း"** ***(ပဌမလတ်တန်းအတွက်)*** ကျမ်းစာသည် ပဌမကြီးတန်း ယမကရှင်းတမ်းကျမ်းစာ နည်းတူ ယမိုက်ကျမ်းသင် ရဟန်းရှင်များနှင့်တကွ ယမိုက်ကျမ်းစာကို သဒ္ဓါပို၍ နှစ်လို့ရွှင်ပျ ပို့ချနေကြသော စာချဆရာတော်များအတွက် လိုအပ်ချက်ကို ဖြည့်စွက်ကူညီနိုင်သော အကူအညီ အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသတည်း။

**ဟောတွာ'ယံ ဥပတ္ထမ္ဘကော၊ နာနာနယေဟိ'လင်္ကတော။**
**သောတူနံ ဝါစကာနဉ္စ၊ မနောရထသ ပူရကော။**

**အရှင်မုနိန္ဒာဘိဝံသ**
ဝင်းနိမ္မိတာရုံဆရာတော်
ကလျာဏီရပ်ကွက်
ပဲခူးမြို့။

၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်
(၂၈-၉-၂၀၀၆) ကြာသပတေးနေ့။

http://www.dhammadownload.com

# ပဏာမ နှင့် ပဋိညာဉ်

အနန္တဉာဏကံ ဗုဒ္ဓံ၊ အဘိဓမ္မဒေသကံ။
သဏ္ဌစ္စံ နမ္မ ကဿာဟံ၊ ယမကတ္ထဿ ဒီပကံ။

(အဟံ၊ ကျေးဇူးမပေဟာ်၊ ကြခတ်ဝိုင်းထေရ်အကျော်က၊ မှည့်ခေါ်ငယ်က၊ "မုနိန္ဒ"တဲ့၊ နောက်မှတစ်ဖန်၊ "အဘိဝံသ"၊ ဘွဲ့ပုံရသဖြင့်၊ "မုနိန္ဒာဘိဝံသ" နာမထင်ပေါ် တပည့်တော်သည်။) အဘိဓမ္မဿ၊ ဓမ္မသင်-ဝိဘင်း၊ တစ်ခင်း ဓာတုကံ၊ ပုဂ္ဂလ-ကထာ၊ ဆက်ကာမှတ်ပိုက်၊ ယမိုက်-ပဋ္ဌာန်း၊ နည်းစုံပြွမ်းသည့်၊ ခုနစ်ကျမ်းသော အဘိဓမ္မာ၊ ဒေသနာတော်ကို။ ဒေသကံ၊ သန္တုသိတ၊ မည်ရထင်ပေါ်၊ မယ်တော်နတ်သား၊ အမှူးထား၍၊ ထူးခြားစုံလတ်၊ လောကဓာတ်အပေါင်း၊ တိုက်တစ်သောင်းမှ၊ ခညောင်းကပ်လာ၊ နတ်ပြဟ္မာအား၊ တာဝတိံနန်း၊ ဘုံကြငှန်း၌၊ အစွမ်းသုံးအင်၊ ပြည့်စုံလင်သည့်၊ သဗ္ဗညုခေါ်၊ ဉာဏ်မပေဟာ်ဖြင့်၊ ထုတ်ဖော်ထင်ရှား၊ ဟောကြားတော်မူအပ်ပေထသော။ အနန္တဉာဏကံ၊ အနှုန်းမသိ၊ ဆုံးမရှိသည့်၊ ကြီးဘိလျှင်မြန်၊ ပညာဉာဏ်နှင့်၊ ကေန်မုချ၊ စုံပြည့်ဝသဖြင့်၊ အနန္တဉာဏ်ရှင်၊ အမှန်ပင် ဖြစ်တော်မူပေထသော။ ဗုဒ္ဓံ၊ သစ္စာသိတတ်၊ သိစေတတ်သည့်၊ နတ်နတ်ထွတ်ထား၊ ရှင်တော်မြတ်ဘုရားကို။ ဝါ၊ ရှင်တော်ဘုရား၊ အဦးထား၍၊ တရား သံဃာ၊ ရတနာနှင့်၊ ဆရာသခင်၊ ကျေးဇူးရှင် အပေါင်းကို။ သဏ္ဌစ္စံ၊ ရိုသေလေးမြတ်စွာ။ နမ္မ၊ ဂုဏ်တော်အလီလီ၊ မှန်းမျှော်ရည်လျက်၊ ရှင်ကြည်ဖောကပ်၊ သောမနဿဖြင့်၊ အထပ်ထပ် ညွတ်လျှိုး၊ ရှိခိုးပြီး၍။ ယမကတ္ထဿ ဒီပကံ၊ ယမကကျမ်းလာ၊ နက်အတ္ထာကို၊ လွယ်စွာသိရန်၊ နည်းတန်တန်ဖြင့်၊ ဝေဖန်ရှင်းပြ၊ သကတ္ထကြောင့်၊ "ယမကရှင်းတမ်း"၊ အမည်ဆန်းဖြင့်၊ တင့်လျှမ်းဝေဆာ၊ ကျမ်းရွှေစာကို။ ကဿံ၊ အလတ်တန်းဝင်၊ ရဟန်းရှင်တို့၊ လန်းရွှင်ချမ်းမြ၊ ရှုနိုင်ကြဖို့၊ ဆရာ့ဆရာ၊ သာ့ထက်သာတို့၊ ရေးခဲ့ ရေးပြီး၊ ကျမ်းသီးသီးမှ၊ နည်းအဖြာဖြာ၊ ယူမှီးကာဖြင့်၊ ကောင်းစွာ မသွေ၊ ရေးသားစီရင်ပေအံ့သတည်း။

# ၁။ မူလယမိုက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဥဒ္ဒေသ၊ ကုသလတိက်
## ယောခိုးစစ်

| | | |
|---|---|---|
| ကထာဝတ္ထု | – | ယမိုက် |
| မူလ ယမက | ၊ | ခန္ဓ ယမက |
| အာယတန ယမက | ၊ | ဓာတု ယမက |
| သစ္စ ယမက | ၊ | သင်္ခါရ ယမက |
| အနုသယ ယမက | ၊ | စိတ္တ ယမက |
| ဓမ္မ ယမက | ၊ | ဣန္ဒြိယ ယမက |

(၁၀) ပါး။

ဥဒ္ဒေသ၊ နိဒ္ဒေသ (၂)ပါး
တိကမာတိကာ ဥဒ္ဒေသ၊ ဒုကမာတိကာ ဥဒ္ဒေသ (၂)ပါး
ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် (၂၂)ပါး

| | | |
|---|---|---|
| မူလဝါရ | ၊ | ဟေတုဝါရ၊ |
| နိဒါနဝါရ | ၊ | သမ္ဘဝဝါရ၊ |
| ပဘဝဝါရ | ၊ | သမုဋ္ဌာနဝါရ၊ |
| အာဟာရဝါရ | ၊ | အာရမ္မဏဝါရ |
| ပစ္စယဝါရ | ၊ | သမုဒယဝါရ (၁၀)ပါး |

## မူလ ဝါရ၊ မူလ နယ

ကုသလ ပဒ၊ အကုသလ ပဒ၊ အဗျာကတ ပဒ၊ နာမ ပဒ (၄)ပါး
မူလ နယ၊ မူလမူလ နယ၊ မူလက နယ၊ မူလမူလက နယ (၄)ပါး
မူလ ယမက၊ ကေမူလ ယမက၊ အညမည မူလယမက (၃)ပါး

http://www.dhammadownload.com



**အနုလောမပုစ္ဆာ၊ ပဋိလောမပုစ္ဆာ (၂)ပါး**

**သန္နိဋ္ဌာန်၊ သံသယ (၂)ပါး**

| | | | | |
|---|---|---|---|---|
| **ဟောဟန်ကား -** ယေ ကေစိ ကုသလာ ဓမ္မာ၊ | (သန္နိဋ္ဌာန်) | အနုလောမပုစ္ဆာ | မူလနယ မူလယမက |
| သဗ္ဗေ တေ ကုသလမူလာ၊ | (သံသယ)။ | | |
| ယေ ဝါ ပန ကုသလမူလာ။ | (သန္နိဋ္ဌာန်) | ပဋိလောမပုစ္ဆာ | |
| သဗ္ဗေ တေ ဓမ္မာ ကုသလာ။ | (သံသယ)။ | | |

## နိဒ္ဒေသ ဟောရိုးစဉ်

ဥဒ္ဒေသ - နိဒ္ဒေသ

တိကမာတိကာ နိဒ္ဒေသ၊ ဒုကမာတိကာ နိဒ္ဒေသ (၂)ပါး

ကုသလတိက်၊ ဝေဒနာတိက်အစရှိသောအားဖြင့် (၂၂)ပါး

မူလဝါရ ။ ပ ။ သမုဒယဝါရအားဖြင့် (၁၀)ပါး

ကုသလ ပဒ၊ အကုသလ ပဒ၊ အဗျာကတ ပဒ၊ နာမ ပဒ(၄)ပါး

မူလ နယ၊ မူလမူလ နယ၊ မူလက နယ၊ မူလမူလက နယ(၄)ပါး

မူလ ယမက၊ ကေမူလ ယမက၊ အညမညမူလ ယမက(၃)ပါး

အနုလောမ၊ ပဋိလောမ (၂)ပါး

ပုစ္ဆာ၊ ပဲဿဇ္ဇနာ (၂)ပါး

သန္နိဋ္ဌာန်၊ သံသယ (၂)ပါး

**ဟောဟန်ကား**

## ကုသလပဒ-မူလနယ

## (က) မူလယမက ပုစ္ဆာပါဠိ

**အနုလောမပုစ္ဆာ** ယေ ကေစိ ကုသလာ ဓမ္မာ၊
သဗ္ဗေ တေ ကုသလမူလာတိ။

**ပဋိလောမပုစ္ဆာ** ယေ ဝါ ပန ကုသလမူလာ၊
သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။

http://www.dhammadownload.com



## (ခ) ကေမူလယမက ပုစ္ဆာပါဠိ

**အနုလောမပုစ္ဆာ** ယေ ကေစိ ကုသလာ ဓမ္မာ၊
သဗ္ဗေ တေ ကုသလမူလေန ကေမူလာတိ။

**ပဋိလောမပုစ္ဆာ** ယေ ဝါ ပန ကုသလမူလေန ကေမူလာ၊
သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။

## (ဂ) အညမညမူလယမက ပုစ္ဆာပါဠိ

**အနုလောမပုစ္ဆာ** ယေ ကေစိ ကုသလမူလေန ကေမူလာဓမ္မာ၊
သဗ္ဗေ တေ ကုသလမူလေန အညမညမူလာတိ။

**ပဋိလောမပုစ္ဆာ** ယေ ဝါ ပန ကုသလမူလေန အညမညမူလာ၊
သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။

## 'အစဉ်အတိုင်း ပုစ္ဆာပါဠိတို့၏ အနက်များ'

(က) ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဝါ၊ အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်း လက္ခဏာရှိကုန်သော။ (အရကောက်၌ 'တနည်းကား' ဟု ရှိသည်)။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလမူလာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလမည်ကုန်သလော။

ယေ ဝါ ပန၊ အကြင်သို့သဘောရှိကုန်သော။ ကုသလမူလာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။

(ခ) ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိ ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ (ဝါ)၊ ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်။ ကေမူလာ၊ တူသော မူလရှိကုန်သလော။

ယေ ဝါ ပန၊ အကြင်သို့သဘောရှိကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ (ဝါ)၊ ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်။ ကေမူလာ၊ တူသောမူလရှိကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိ ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။

(ဂ) ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ (ဝါ)၊ မူလ အားဖြင့်။ ကေမူလာ၊ တူသောမူလရှိကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်။ အညမညမူလာ၊ တစ်ပါးသည် တစ်ပါး၏ မူလမည်ကုန်သလော။ (ဝါ)၊ မူလရှိကုန်သလော။

http://www.dhammadownload.com



ယေ ဝါ ပန၊ အကြင်သို့ သဘောရှိကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလအား ဖြင့်။ အညမညမူလာ၊ တစ်ပါးသည် တစ်ပါး၏ မူလမည်ကုန်သော။ (ဝါ၊ မူလရှိကုန်သော။) ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထို တရားတို့ သည်။ ကုသလာ၊ ကုသိုလ် မည်ကုန်သလော။

## ကုသလပဒ

| ၁ | ၂ | ၃ |
|---|---|---|
| ကုသလမူ ၃-ခု | ကုသိုလ်စိတ် - ၂၁၊ ကုသလမူ ၃-ခု ကြဉ်သော စေ ၃၅-ခု | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ၂၁၊ စေ-၃၈ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော **စိတ္တဇရုပ် ၁၇၊** |
| ကုသလ<br>ကုသလမူလ<br>ကေမူလ<br>အညမညမူလ | ကုသလ<br>×<br>ကေမူလ<br>× | ×<br>×<br>ကေမူလ<br>× |

**ဝိဘင်း**

၁။ - တီဏော (မူလယမက)

- မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ။ (အညမညမူလယမက)

၂။ အဝသေသာ။

၃။ ကုသလသမုဋ္ဌာနံ ရူပံ။

၁+၂။ ကုသလံ။

၂+၃။ အဝသေသာ ကုသလမူလသဟဇာတာ ဓမ္မာ။

**မှတ်ချက်။** ။ မူလယမက၊ အညမည မူလယမကတို့၌ နှစ်ဖက်ရမှ စ၍ ဝိဘင်းထုတ်ရသည်။ အရကောက်ရာ၌ကား ထုံးစံအတိုင်း တစ်ဖက်ရမှ စ၍ ကောက်ပါ။ ၁-နှင့် ၂-ကို ပေါင်းလျှင် ''ကုသိုလ်စိတ် ၂၁၊ စေတသိက် ၃၈'' ဖြစ်၏။ ၂-နှင့် ၃-ကို ပေါင်းလျှင် ဇယားအရှိအတိုင်း ဆိုရုံသာ။

**"ဝိဘင်း"ဟူသည်။** ။ ''ဝိဘဇ္ဇိယတေ အနေနာတိ ဝိဘင်္ဂေါ''ဟူသော ဝစနတ္ထနှင့်အညီ အထူးသဖြင့် ခွဲဝေဖြေဆိုကြောင်းဖြစ်သောကြောင့် အဖြေဝိဿဇ္ဇနာကိုပင် ''ဝိဘင်း''ဟု ခေါ်ဆိုရခြင်းဖြစ်သည်။ (**ဝိဘင်း, ဝိသဇ်၊ သဘောစစ်၊ မှတ်လစ် သဒ္ဒိသာ။**)

http://www.dhammadownload.com



## ဝိဘင်း ၆–မျိုးနှင့် ထုတ်ပုံ ထုတ်နည်း

ထိုဝိဘင်းသည် "ပါ, အာ, တစ်, နှစ်၊ နော, နတ်–ဖြစ်၊ မှတ်လစ် ဝိဘင်း ခြောက်မျိုးတည်း" ဟူသည်နှင့်အညီ (၁) ပါဠိဂ္ဂဝိဘင်း (၂) အာမန္တာဝိဘင်း (၃) တစ်ဖက်ရဝိဘင်း (၄) နှစ်ဖက်ရဝိဘင်း (၅) နောဝိဘင်း (၆) နတ္ထိဝိဘင်း–ဟူ၍ ၆–မျိုးရှိ၏။

ထို ၆–မျိုးတို့တွင် –

၁။ သန္နိဋ္ဌာန်ပုဒ်၏အရသာ ရှိ၍ သံသယပုဒ်၏အရ မရှိလျှင် အနုလုံ၌ 'နော' ဝိဘင်း ထုတ်ရသည်။ ပစ္စနိက်၌ 'ဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇိတ္ထ၊ ဥပ္ပဇ္ဇိဿတိ' စသည်ဖြင့် ဝါရအလိုက် ထိုက်သည်အားလျော်စွာ 'ပါဠိဂတိ ဝိဘင်း' ထုတ်ရသည်။

၂။ သန္နိဋ္ဌာန်ပုဒ်၏ အရနှင့် သံသယပုဒ်၏ အရ မတူခဲ့လျှင်လည်း 'နော' ဝိဘင်းပင် ထုတ်ရသည်။

၃။ သန္နိဋ္ဌာန်ပုဒ်အရ က နည်း၍ သံသယပုဒ်အရက များနေလျှင်လည်းကောင်း၊
သန္နိဋ္ဌာန်ပုဒ်အရနှင့် သံသယပုဒ်အရ တူနေခဲ့လျှင်လည်းကောင်း 'အာမန္တာ' ဝိဘင်း ထုတ်ရသည်။

၄။ သန္နိဋ္ဌာန်ပုဒ်အရ က များ၍ သံသယပုဒ်အရက နည်းနေလျှင် 'တစ်ဖက်ရ, နှစ်ဖက်ရ' ဝိဘင်း ထုတ်ရသည်။

၅။ သန္နိဋ္ဌာန်ပုဒ်၏ အရ မရှိလျှင် 'နတ္ထိ' ဝိဘင်း ထုတ်ရသည်။

(ဆောင်) – ဌာန်အရသာရှိ၊ သံ မရှိလျှင်၊ လုံ တွင် 'နော' သိ၊ နိက် 'ပါဠိ'၊ ထုတ်ဘိ မြဲသေချာ။
– ဌာန်+သံ နှစ်ဆူ၊ ရ မတူ၊ ဖြစ်မူ 'နော' တစ်ဖြာ။
– ဌာန်နည်း သံများ၊ ဖြစ်မူကား၊ ထုတ်ငြား 'အာမန္တာ'။
– ဌာန်+သံ နှစ်ဆူ၊ အရတူလဲ၊ 'အာမန်' ပဲ၊ မလွဲ ထုတ်ရမှာ။
– ဌာန်က များပြား၊ သံ နည်းပါး၊ ဖြစ်ငြား 'တစ်, နှစ်' ပါ။
– ဌာန်ပုဒ်အရ၊ မရှိက၊ ထုတ်ကြ 'နတ္ထိ' သာ။

### ကောဋ္ဌာသ တင်ရာ၌ အသုံးပြုရန်
### အမေး လေးထွေ၊ အဖြေ ငါးပါး၊ ဝိဘင်း ၆–မျိုး

| အမေး လေးထွေ | | အဖြေ ငါးပါး | | ဝိဘင်း ၆–မျိုး | |
|---|---|---|---|---|---|
| ၁ | ပုရေ ပဉှာ | ၁ | ပါဠိဂတိ ဝိဿဇ္ဇနာ | ၁ | ဥပ္ပဇ္ဇတိ – စသည် |
| ၂ | ပစ္ဆာ ပဉှာ | ၂ | ပဋိဝစန ဝိဿဇ္ဇနာ | ၂ | အာမန္တာ |
| ၃ | ပရိပုဏ္ဏ ပဉှာ | ၃ | သရူပဒဿန ဝိဿဇ္ဇနာ | ၃ | တစ်ဖက်ရ |
| | | | | ၄ | နှစ်ဖက်ရ |
| ၄ | မောဃ ပဉှာ | ၄ | ပဋိသေဓ ဝိဿဇ္ဇနာ | ၅ | နော |
| | | ၅ | ပဋိက္ခေပ ဝိဿဇ္ဇနာ | ၆ | နတ္ထိ |

http://www.dhammadownload.com



(ဆောင်) အမေး လေးထွေ၊ အဖြေ ငါးပါး၊ မြဲမှတ်သား၊ ပိုင်းခြား သိနိုင်စေ။
ဝိဘင်းခြောက်မျိုး၊ နှုတ်ရကျိုး၊ ဟောရိုး သိနိုင်စေ။ (ရှေးနိယံ)

(ဆောင်) ပုရေ = ပါဠိ = ဥပ္ပတ္တိ၊
ပစ္ဆာ = ပဋိ = အာမန်သိ။
ပရိ = သရူ = တစ်, နှစ်ယူ၊
မော = ပဋိသေ, ပဋိက္ခေ၊ နော နှင့် နတ္ထိ နေ။

## အမေး လေးထွေ

၁။ ပုရိမကောဋ္ဌာသ၏ အရနှင့် တူသော ပဉှာသည် ''ပုရေပဉှာ'' မည်၏။
၂။ ပစ္ဆိမကောဋ္ဌာသ၏ အရနှင့် တူသော ပဉှာသည် ''ပစ္ဆာပဉှာ'' မည်၏။
၃။ ပုရေပဉှာ, ပစ္ဆာပဉှာ နှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပဉှာသည် ''ပရိပုဏ္ဏပဉှာ'' မည်၏။
၄။ သံသယပုဒ် အရ မရှိသောကြောင့်လည်းကောင်း၊ သန္နိဋ္ဌာန်, သံသယ နှစ်ပုဒ်လုံးအရ မရှိသောကြောင့်လည်းကောင်း အချည်းနှီးမေးအပ်သော ပဉှာသည် ''မောဃပဉှာ'' မည်၏။

## အဖြေ ငါးပါး

၁။ ပုစ္ဆာပါဠိသို့ လိုက်၍ (ပုစ္ဆာပါဠိ၌ န–အက္ခရာကို ပယ်တော်မူ၍) ဖြေဆိုသော ဝိဿဇ္ဇနာသည် ''ပါဠိဂတိ ဝိဿဇ္ဇနာ'' မည်၏။
၂။ သန္နိဋ္ဌာန်ပုဒ်အရကို ဝန်ခံသောအားဖြင့် ဖြေဆိုသော ဝိဿဇ္ဇနာသည် ''ပဋိဝစနဝိဿဇ္ဇနာ'' မည်၏။
၃။ ပုရိမကောဋ္ဌာသ, ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏ သရုပ်ကို ပြသောအားဖြင့် ဖြေဆိုသော ဝိဿဇ္ဇနာသည် ''သရူပဒဿန ဝိဿဇ္ဇနာ'' မည်၏။
၄။ သံသယပုဒ်၏ အရကို မြစ်သောအားဖြင့် ဖြေဆိုသော ဝိဿဇ္ဇနာသည် ''ပဋိသေဓ ဝိဿဇ္ဇနာ'' မည်၏။
၅။ သန္နိဋ္ဌာန်ပုဒ်၏ အရကို ပယ်သောအားဖြင့် ဖြေဆိုသော ဝိဿဇ္ဇနာသည် ''ပဋိက္ခေပ ဝိဿဇ္ဇနာ'' မည်၏။

အထက် ဖော်ပြပါ အမေးလေးထွေ, အဖြေ ငါးပါးတို့ကို အာဂုံနှုတ်တက် ကျက်မှတ်ပြီးနောက် ကောဋ္ဌာသ တင်တတ်အောင် ကြိုးစားကြရပါမည်။ (ကောဋ္ဌာသတင်ပုံကို နောက်၌ သီးခြားပြထားပါသည်။)

http://www.dhammadownload.com



## အထက်ပါ ကုသလပဒ ယော ဖြစ်ပေါ်လာပုံ

တိကမာတိကာ ကုသလတိက်လာ ကုသလာဓမ္မာ–အရ ကုသိုလ်မည်သော ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဌတိံသတို့ကို (က) မူလမည်သော တရား၊ (ခ) မူလ မမည်သောတရားဟု နှစ်မျိုး နှစ်စား ခွဲခြားလိုက်လျှင် (၁) ကုသလမူ ၃–ခု၊ (၂) ကုသိုလ်စိတ် ကေဝီသ၊ ကုသလမူ ၃–ခုကြဉ်သော စေတသိက် ပဉ္စတိံသ–ဟု တရား ၂–ပုံ ဖြစ်၏။

ဤယမိုက်ကျမ်း၌ "ကေမူလ=ကုသိုလ်ဟုဆိုအပ်သော မူလနှင့်တူသော မူလရှိသောတရား" ကိုလည်း ဟောရကား ကုသိုလ်မူလကြောင့် ကုသိုလ်စိတ်, စေတသိက်များဖြစ်ရာ၌ ထိုကုသိုလ်စိတ်, စေတသိက်တို့နှင့် အတူဖြစ်ပေါ်လာသော စိတ္တဇရုပ်ကိုလည်း ကေမူလ–ဟုဆိုရပါသည်။ ၎င်းကို တရားတစ်ပုံ ပုံ၍ ကုသလပဒ၌ တရား ၃–ပုံ ဖြစ်ရသည်။

## တစ်ဖက်ရ + နှစ်ဖက်ရရှာနည်း

ဝါရ၊ ပဒ၊ ယမကအလိုက် ရထိုက်သမျှ ခွဲခြားပုံထားသော တရားအပုံများမှ ရှေးဦးစွာ သန္နိဋ္ဌာန် ပုဒ်အရ တရားများကို ကောက်ယူမှတ်သား ဆုပ်ကိုင်ထားပါ။

ထို့နောက် သံသယပုဒ် လိုက်ကြည့်သောအခါ သံသယပုဒ်အရလည်း ဖြစ်နိုင်သော တရားသည် နှစ်ဖက်ရ ဖြစ်၏။ သံသယပုဒ်အရ မဖြစ်နိုင်သော တရားသည် တစ်ဖက်ရ ဖြစ်၏။

## မူလယမက ဝိဘင်းထုတ်ပုံ အပြည့်အစုံ

- ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာတိ။ တီဏေဝ ကုသလမူလာနိ၊ (နှစ်ဖက်ရ)
  အဝသေသာ ကုသလာ ဓမ္မာ န ကုသလမူလာ။ (တစ်ဖက်ရ)
- ယေ ဝါ ပန ကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ၊ အာမန္တာ။

## မူလယမက ဝိဘင်း (ပုစ္ဆာ+ဝိဿဇ္ဇနာပါဠိ)ကို အနက်ပေးပုံ

ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလမူလာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလမည် ကုန်သလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့သောအမေးတော်သည်။ သတိ၊ ရှိသော်။

တီဏေဝ = တီဏိ ဧဝ၊ အလောဘ, အဒေါသ, အမောဟဟုဆိုအပ်သော ကုသလမူ သုံးခု တို့သည်သာလျှင်။ ကုသလမူလာနိ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်၏။ အဝသေသာ၊ ကုသလ မူလ သုံးခုတို့မှ ကြွင်းကုန်သော။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ ကုသိုလ်ကေဝီသ, စေတသိက် ပဉ္စတိံသတို့သည်။ န ကုသလမူလာ၊ ကုသိုလ် ဟုဆိုအပ်သော မူလ မမည်ကုန်။ ဣတိ ဝိဿဇ္ဇနာ၊ ဤသို့ ဖြေတော်မူသည်။ ဟောတိ၊ ၏။

ယေ ဝါ ပန၊ အကြင်သို့သဘောရှိကုန်သော။ ကုသလမူလာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည် ကုန်သော။

http://www.dhammadownload.com



ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ တေ ဓမ္မာ၊ ထို တရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ။ ကုသိုလ်ဟု ဆိုအပ်သော မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ။ ၏။

## အရကောက်ပုံ အပြည့်အစုံ

''ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ''ဟူ၍ ဟောတော်မူအပ်သော အနုလောမပုစ္ဆာ၌ ''ယေ ကေစိ ကုသလာ ဓမ္မာ''ဟူသော **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ကုသိုလ်စိတ် စေတသိက်၊ ကုသလမူ သုံးခုကြဉ်သော စေတသိက် ပဋ္ဌာတိသ ရ၏။ ကုသလမူ သုံးခုလည်း ရ၏။ ''သဗ္ဗေ တေ ဓမ္မာ ကုသလမူလာ''ဟူသော **သံသယပုဒ်၏ အရကား** ကုသလမူ သုံးခုသာ ရ၏။

''ယေ ဝါ ပန ကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ''ဟူ၍ ဟောတော်မူအပ်သော ပဋိလောမပုစ္ဆာ၌ ''ယေ ဝါ ပန ကုသလမူလာ''ဟူသော **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ကုသလမူ သုံးခု ရ၏။ ''သဗ္ဗေ တေ ဓမ္မာ ကုသလာ'' ဟူသော **သံသယပုဒ်၏ အရလည်း** ကုသမူသုံးခု ၄င်း ရ၏။

## အလွယ်ကောက်ပုံ

အနုလောမပုစ္ဆာ၌ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ကုသိုလ်စိတ် စေတသိက်၊ ကုသလမူ သုံးခုကြဉ်သော စေတသိက် ပဋ္ဌာတိသ ရ၏။ ကုသလမူ သုံးခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။

ပဋိလောမပုစ္ဆာ၌ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ကုသလမူ သုံးခု ရ၏။ **သံသယလည်း** ၄င်း ရ၏။

## ကေမူလ ယမက ဝိဘင်းထုတ်ပုံ အပြည့်အစုံ

- ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန ကေမူလာတိ။ အာမန္တာ။
- ယေ ဝါ ပန ကုသလမူလေန ကေမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။ ကုသလသမုဋ္ဌာန် ရုပ် ကုသလမူလေန ကေမူလံ န ကုသလံ၊ **(တစ်ဖက်ရ)**။ ကုသလံ ကုသလမူလေန ကေမူလဉ္စေဝ ကုသလဉ္စ။ **(နှစ်ဖက်ရ)**

## ကေမူလ ယမက ဝိဘင်း (ပုစ္ဆာ+ဝိဿဇ္ဇနာပါဋ္ဌိ)ကို အနက်ပေးပုံ

ယေ ကေစိ၊ ကုန်သော။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ (ဝါ)၊ ကုသိုလ်ဟု ဆိုအပ်သောမူလအားဖြင့်။ ကေ မူလာ၊ တူသောမူလရှိကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ ကုသိုလ်မည်ကုန်သော တရားတို့သည် ကုသိုလ်ဟု ဆိုအပ်သောမူလနှင့်။ (ဝါ)၊ မူလအားဖြင့် တူသောမူလရှိကုန်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

ယေ ဝါ ပန၊ ကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ (ဝါ)၊ အားဖြင့်။ ကေမူလာ၊ တူသောမူလရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလာ၊ ကုသိုလ်

http://www.dhammadownload.com



မည်ကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ ကုသလသမုဋ္ဌာန်၊ ကုသိုလ်လျှင် ဖြစ်ကြောင်းရှိသော။ ရုပ်၊ စိတ္တဇရုပ် သံတ္တရသသည်။ ကုသလမူလေန၊ နှင့်။ ဝါ၊ အားဖြင့်။ ကေမူလံ၊ တူသောမူလရှိ၏။ န ကုသလံ၊ ကုသိုလ် မမည်။ ကုသလံ၊ သည်။ ကုသလမူလေန၊ နှင့်။ (ဝါ)၊ အားဖြင့်။ ကေမူလဥ္စေဝ၊ တူသောမူလလည်း ရှိ၏။ ကုသလဥ္စ၊ ကုသိုလ်လည်း မည်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ။ ၏။

**အရကောက်။ ။** ဇယားကို ကြည့်၍ မူလယမကကောက်နည်းကို မှီပြီး ကောက်ကြပါလေ။

## အညမညမူလ ယမက ဝိဘင်းထုတ်ပုံ အပြည့်အစုံ

– ယေ ကေစိ ကုသလမူလေန ကေမူလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန အညမညမူလာတိ။ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ကေမူလာနိ စေဝ အညမညမူလာနိ စ။ **(နှစ်ဖက်ရ)** အဝသေသာ ကုသလမူလသဟဇာတာ ဓမ္မာ ကုသလမူလေန ကေမူလာ န စ အညမညမူလာ။

**(တစ်ဖက်ရ)**

– ယေ ဝါ ပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။ အာမန္တာ။

## အညမညမူလ ယမက ဝိဘင်း (ပုစ္ဆာ+ဝိဿဇ္ဇနာ)ပါဌ်ကို အနက်ပေးပုံ

ယေ ကေစိ၊ ကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ ဝါ၊ အားဖြင့်။ ကေမူလာ၊ တူသော မူလရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟု ဆိုအပ်သောမူလအားဖြင့်။ အညမညမူလာ၊ တစ်ပါးသည် တစ်ပါး၏ မူလဟုဆိုအပ်သော မူလမည်ကုန်သလော။ (ဝါ)၊ မူလရှိကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ ကုသလမူလာနိ၊ ကုသလမူလဟုဆိုအပ်ကုန်သော။ ယာနိ မူလာနိ၊ အကြောင်းမူလတို့သည်။ ကေတော၊ တကွနက်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တာနိ မူလာနိ၊ ထိုကုသလမူလ သုံးခုတို့သည်။ ကေမူလာနိ စေဝ၊ တူသောမူလလည်းရှိကုန်၏။ အညမညမူလာနိ စ၊ တစ်ပါးသည် တစ်ပါး၏ မူလလည်း မည်ကုန်၏။ (ဝါ)၊ ရှိကုန်၏။

အဝသေသာ၊ ကုသလမူလသုံးခုမှ ကြွင်းကုန်သော။ ကုသလမူလသဟဇာတာ၊ ကုသလမူလ သုံးခုနှင့်တကွ ဖြစ်ကုန်သော။ ဓမ္မာ၊ ကုသိုလ်ကေစီသ, ကုသလမူလသုံးခုမှတစ်ပါး စေတသိက် ပဥ္စတိံသ၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်ကေစီသ၊ စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရုပ်ဟုပြုအပ်သော စိတ္တဇရုပ်တို့သည်၊ ကုသလ မူလေန၊ ကုသိုလ်ဟုဆိုအပ်သောမူလနှင့်။ (ဝါ)၊ အားဖြင့်။ ကေမူလာ၊ တူသောမူလရှိကုန်၏။ န စ အညမညမူလာ၊ တစ်ပါးသည် တစ်ပါး၏ မူလ မမည်ကုန်။ (ဝါ)၊ တစ်ပါးသည် တစ်ပါး၏ မူလ မရှိကုန်။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ။ ၏။

ယေ ဝါ ပန၊ အကြင်သို့သဘောရှိကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်။ အညမညမူလာ၊ တစ်ပါးသည် တစ်ပါး၏ မူလမည်ကုန်သော။ (ဝါ)၊ ရှိကုန်သော။ ဓမ္မာ၊ တို့ သည်၊ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလာ၊ ကုသိုလ် မည်ကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။

အာမန္တာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလအားဖြင့် တစ်ပါးသည် တစ်ပါး၏ မူလမည်ကုန်သော တရားတို့ သည် ကုသိုလ်မည်ကုန်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၏။

**အရကောက်။ ။** ဇယားကို ကြည့်၍ မူလယမကကောက်နည်းကို မှီပြီး ကောက်ကြပါလေ။

http://www.dhammadownload.com



## မူလမူလ နယ

မူလနယအတိုင်း ဟောပါ။ ''မူလမူလာ''ဟု မူလသဒ္ဒါတစ်ခု ထပ်ထည့်ရသည်သာ ထူး၏။

## မူလက နယ၊ မူလမူလက နယ

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလကာတိ။ (ကုသလမူလမူလကာတိ)၊ အာမန္တာ။

ယေ ဝါ ပန ကုသလမူလကာ (ကုသလမူလမူလကာ)၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။ ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလကံ (ကုသလမူလမူလကံ), န ကုသလံ၊ ကုသလံ ကုသလမူလကဉ္စေဝ (ကုသလမူလမူလကဉ္စေဝ) ကုသလဉ္စ။

ဤမူလကနယ၌ မူလက ယမက, ကေမူလက ယမက တို့သည် ကေမူလ ယမကနှင့် တူကြ၍၊ အညမည မူလက ယမကသည် အညမညမူလ ယမကနှင့် တူ၏။

## အကုသလ ပဒ

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|
| မောဟမူဒွေး၌ မောဟ<br><br>(အဟိတ် အကု) | မောဟမူဒွေး၌ မောဟကြဉ်သော အကုသလမူ ၃–ခု<br><br>(သဟိတ် အကု) | အကုသိုလ်–၁၂၊ အကုသလမူ ၃–ခု ကြဉ်သော စေ–၂၄<br><br>(သဟိတ် အကု) | ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကု–၁၂၊ စေ–၂၇ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်–၁၇ |
| အကုသလ<br>အကုသလမူလ<br>×<br>× | အကုသလ<br>အကုသလမူလ<br>ကေမူလ<br>အညမညမူလ | အကုသလ<br>×<br>ကေမူလ<br>× | ×<br>×<br>ကေမူလ<br>× |

## ဝိဘင်းထုတ်ပုံ

၁။ အဟေတုကံ အကုသလံ။

၂။ မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ အကုသလမူလာနိ။

၃။ အဝသေသာ။

၄။ အကုသလသမုဋ္ဌာနံ ရူပံ။

http://www.dhammadownload.com



၁+၂။ တီဏောဝ အကုသလမူလာနိ။
၂+၃။ သဟေတုကံ အကုသလံ (ကေမူလယမက-အနု)၊ အကုသလံ (ဝှင်း-ပဋ္ဌိ)
၃+၄။ အဝသေသာ အကုသလမူလသဟဇာတာ ဓမ္မာ။

၁+၂။ ပေါင်းကောက်ပုံ = အကုသလမူ ၃-ခု။
၂+၃။ ပေါင်းကောက်ပုံ = အကုသိုလ်စိတ်-၁၂၊ မောဟမူဒွေး၌ မောဟကြဉ် စေ-၂၇။
၃+၄။ ပေါင်းကောက်ပုံ = ဇယားအတိုင်းပင် ဖြစ်၏။

## အဗျာကတ ပဒ

| ၁ | ၂ | ၃ |
|---|---|---|
| အဗျာကတမူ ၃-ခု<br><br>(သဟိတ် ဗျာ) | သဟိတ်ဝိပါက်-၂၁၊ သဟိတ်ကြိယာ ၁၇၊ အဗျာကတမူ ၃- ခုကြဉ်သော စေ-၃၅၊<br>ပဥ္စဝေါ...အခါ၊ အရူပ ဝိ ၄-ခု၊ ရဟန္တာတို့၏ စုတိကြဉ်သော သဟိတ် ဝိ၊ သဟိတ် ကြိ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊<br>သဟိတ်ပဥ္စဝေါကာရပဋိသန္ဓေ ၁၃-တို့နှင့် ယထာရဟ အတူဉပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။<br><br>(သဟိတ် ဗျာ) | အဟိတ်၁၈၊ ဆန္ဒကြဉ်သော အညသမာန်း စေ-၁၂၊<br>ပဥ္စဝေါ...အခါ ဒွေပဥ္စဝိညာဉ် ၁၀-ကြဉ်သော ကုသိုလ်, အကုသိုလ်, အဟိတ်ဝိ၊ အဟိတ်ကြိ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော အဟိတ် စိတ္တဇရုပ်၊<br>အဟိတ်ပဋိသန္ဓေ ၂-ခုနှင့် ယထာရဟ အတူဉပါဒ်သော အဟိတ် ပဋိသန္ဓေကမ္မဇရုပ်၊<br>ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်<br><br>(အဟိတ် ဗျာ) |
| အဗျာကတ | အဗျာကတ | အဗျာကတ |
| အဗျာကတမူလ | × | × |
| ကေမူလ | ကေမူလ | × |
| အညမညမူလ | × | × |

http://www.dhammadownload.com



## ဝိဘင်းထုတ်ပုံ

၁+၂။ သဟေတုကံ အဗျာကတံ။
၃။ အဟေတုကံ အဗျာကတံ။

**၁+၂။ အရကောက်** – သဟိတ်ဝိပါက် –၂၁၊ သဟိတ်ကြိယာ–၁၇၊ စေတသိက်–၃၈၊ ပဥ္စဝေါ....... သဟိတ် ပဋိသန္ဓေကမ္မဇရုပ်၊

**၂+၃။ အရကောက်** – ဝိပါက်စိတ်–၃၆၊ ကြိ–၂၀၊ အဗျာကတမူ ၃–ခုမှ တစ်ပါး စေ–၃၅၊ ရုပ်–၂၈၊ နိဗ္ဗာန်။

## မူလယမကပါဠိ အနက် (၂)နည်းပေးပုံ

တီဏေဝ = တီဏိ ဧဝ၊ အဗျာကတမူလသုံးခုတို့သည်သာလျှင်။ အဗျာကတမူလာနိ၊ အဗျာကတဟုဆိုအပ်သော မူလမည်ကုန်၏။

အဝသေသာ၊ အဗျာကတမူလသုံးခုမှ ကြွင်းကုန်သော။ အဗျာကတာ၊ အဗျာကတဖြစ်ကုန်သော။ ဓမ္မာ၊ ဝိပါက် ဆတ္တိံသ, ကြိယာဝီသ, အဗျာကတမူလသုံးခုမှ တစ်ပါး စေတသိက် ပဉ္စတိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်တို့သည်။ န အဗျာကတမူလာ၊ အဗျာကတဟုဆိုအပ်သော မူလ မမည်ကုန်။

**(တစ်နည်းကား)** အဝသေသာ၊ အဗျာကတမူလသုံးခုမှ ကြွင်းကုန်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, အဗျာကတမူလသုံးခုမှတစ်ပါး စေတသိက် ပဉ္စတိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်တို့သည်။ အဗျာကတာ၊ အဗျာကတဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ ဓမ္မ မည်ကုန်၏။ န အဗျာကတမူလာ၊ အဗျာကတဟု ဆိုအပ်သော မူလ မမည်ကုန်။

http://www.dhammadownload.com



## နာမပဒ

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| မောဟမူဒွေး<br>မောဟ<br><br>**(အဟိတ်)** | မောဟမူဒွေး၌<br>မောဟ ကြဉ်<br>နာမမူ ၉–ခု<br><br>**(သဟိတ်)** | သဟိတ်စိတ်–၇၁၊<br>နာမမူ ၉–ခု ကြဉ်<br>စေ – ၄၆<br><br>**(သဟိတ်)** | အဟိတ်စိတ်–၁၈၊<br>ဆန္ဒကြဉ်သော<br>အညစေ –၁၂၊<br>နိဗ္ဗာန်<br><br>**(အဟိတ်)** | ပဋ္ဌဝေါ...ဖြစ်သောအခါ<br>အရူပဝိ ၄–ခု၊ ရဟန္တာ<br>တို့၏ စုတိကြဉ်သော<br>ကု, အကု, သဟိတ် ဝိ,<br>သဟိတ်ကြိ နာမက္ခန္ဓာတို့<br>သည် ယထာရဟပြုအပ်သော<br>**သဟိတ် စိတ္တဇရုပ်၊**<br>သဟိတ်ပဋ္ဌဝေါကာရ ပဋိသန္ဓေ<br>၁၃–ခုတို့နှင့် ယထာရဟ<br>အတူ ဥပါဒ်သော<br>**သဟိတ် ပဋိသန္ဓေကမ္မဇရုပ်** |
| နာမ<br>နာမမူလ<br>×<br>× | နာမ<br>နာမမူလ<br>ကေမူလ<br>အညမညမူလ | နာမ<br>×<br>ကေမူလ<br>× | နာမ<br>×<br>×<br>× | ×<br>×<br>ကေမူလ<br>× |

### ဝိဘင်းထုတ်ပုံ

| | | |
|---|---|---|
| ၂။ | နဝေဝ နာမမူလာနိ။ | (မူလယမက) |
| | မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ နာမမူလာနိ။ | (အညမညမူလ ယမက) |
| ၁+၂။ | နဝေဝ နာမမူလာနိ။ | |
| ၁+၄။ | အဟေတုကံ နာမံ။ | |
| ၂+၃။ | သဟေတုကံ နာမံ။ | (ကေမူလယမက အနုလောမ) |
| | နာမံ | (ကေမူလယမက ပဋိလောမ) |
| ၃+၄။ | အဝသေသာ။ | |
| ၅။ | နာမသမုဋ္ဌာနံ ရူပံ။ | |
| ၃+၅။ | အဝသေသာ နာမမူလသဟဇာတာ ဓမ္မာ။ | |

http://www.dhammadownload.com



### အရကောက်ပုံ

၁ + ၂ = နာမမူ ၉-ခု။
၁ + ၄ = အဟိတ်-၁၈၊ ဆန္ဒကြဉ် အညစေ-၁၂၊ မောဟမူဒွေး၌ မောဟ၊ နိဗ္ဗာန်။
၂ + ၃ = သဟိတ်စိတ် ၇၁၊ မောဟမူဒွေး၌ မောဟကြဉ် စေ-၅၂။
၃ + ၄ = စိတ်-၈၉၊ နာမမူ ၉-ခုကြဉ် စေ-၄၆၊ နိဗ္ဗာန်။
၃ + ၅ = ဇယားအတိုင်းကောက်။

## သာမညလက္ခဏာအားဖြင့်
## "မူလ၊ ကေမူလ၊ အညမညမူလ"မည်သောတရားများ

| | | |
|---|---|---|
| မူလမည်သောတရား | = | လောဘ၊ ဒေါသ၊ မောဟ၊<br>အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ် ၆-ပါး။ |
| ကေမူလမည်သောတရား | = | သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေး၌<br>မောဟကြဉ်သော စေ-၅၂၊ သဟိတ်စိတ္တဇရုပ်၊<br>သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |
| အညမညမူလမည်သောတရား | = | မောဟမူဒွေး၌ မောဟကြဉ်သော ဟိတ် ၆-ပါး။ |

## မူလယမိုက် ပြီး၏။

============

http://www.dhammadownload.com

# ၂။ ခန္ဓယမိုက်

## ပဏ္ဏတ္တိဝါရ – ဥဒ္ဒေသ ဟောရိုးစစ်

မူလယမိုက် – ခန္ဓယမိုက်
ပဏ္ဏတ္တိဝါရ၊ ပဝတ္တိဝါရ၊ ပရိညာဝါရ (၃)ပါး။
ဥဒ္ဒေသ၊ နိဒ္ဒေသ(၂)ပါး။
ပရိစ္ဆေဒဝါရ၊ ပရိစ္ဆိန္နုဒ္ဒေသဝါရ၊ ဝိဘာဂဝါရ (၃)ပါး။
(တစ်နည်း) ခန္ဓုဒ္ဒေသ၊ နာမဝဝတ္ထာန်၊ နယဝါရ (၃)ပါး။

| | | |
|---|---|---|
| ခန္ဓုဒ္ဒေသ | – | ပဉ္စက္ခန္ဓာ။ |
| နာမဝဝတ္ထာန် | – | ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော၊ |

(အနက် ၂–နည်း – ခန္ဓုဒ္ဒေသမှ စ၍ ပေး၊ တစ်နည်း–နာမဝဝတ္ထာန်မှ စ၍ ပေး)။

နာမဝဝတ္ထာန် – နယဝါရ၊
ပဒသောဓနဝါရ၊ ပဒသောဓနမူလစက္ကဝါရ၊
သုဒ္ဓခန္ဓဝါရ၊ သုဒ္ဓခန္ဓမူလစက္ကဝါရ (၄)ပါး။
အနုလုံ၊ ပစ္စနိက် (၂)ပါး။
ရူပက္ခန္ဓယမက အစရှိသောအားဖြင့် (၅)ပါး။
အနုလောမပုစ္ဆာ၊ ပဋိလောမပုစ္ဆာ (၂)ပါး။
သန္နိဋ္ဌာန်၊ သံသယ (၂)ပါး။

| | | | |
|---|---|---|---|
| ဟောဟန်ကား | = | ရူပံ | သန္နိဋ္ဌာန် |
| | | ရူပက္ခန္ဓော | သံသယ။ |
| | | ရူပက္ခန္ဓော | သန္နိဋ္ဌာန် |
| | | ရူပံ | သံသယ။ |

http://www.dhammadownload.com



## ပဏ္ဏတ္တိဝါရ-ပဒသောဓနမူလစက္ကဝါရ ဟောရိုးစစ်

ပဒသောဓနဝါရ - ပဒသောဓနမူလစက္ကဝါရ
အနုလုံ-ပစ္စနိက် (၂-ပါး)
ရူပက္ခန္ဓမူ၊ ဝေဒနာက္ခန္ဓမူ အစရှိသောအားဖြင့် (၄)ပါး
ဝေဒနာက္ခမူလီ အစရှိသောအားဖြင့် (၄)ပါး
အနုလောမပုစ္ဆာ၊ ပဋိလောမပုစ္ဆာ(၂)ပါး
သန္နိဋ္ဌာန်၊ သံသယ(၂)ပါး

ဟောဟာန်ကား - ရူပံ ခန္ဓော
ခန္ဓာ ဝေဒနာက္ခန္ဓော။

----------

## ပဏ္ဏတ္တိဝါရ-နိဒ္ဒေသ ဟောရိုးစစ်

ဥဒ္ဒေသ-နိဒ္ဒေသ
ပဒသောဓနဝါရ၊ ပဒသောဓနမူလစက္ကဝါရ
သုဒ္ဓခန္ဓဝါရ၊ သုဒ္ဓခန္ဓမူလစက္ကဝါရ-၄ပါး
အနုလုံ-ပစ္စနိက်
ရူပက္ခန္ဓယမကအစရှိသောအားဖြင့် (၅)ပါး
<u>အနုလောမ၊ ပဋိလောမ</u>
<u>ပုစ္ဆာ၊ ဝိဿဇ္ဇနာ</u>
သန္နိဋ္ဌာန်-သံသယ

ဟောဟာန်ကား -'ရူပံ' ဟူသည်တည်း။

http://www.dhammadownload.com



## ပဒသောဓနဝါရ အနုလုံ ပါဠိတော်ဓယား

| စဉ် | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ၁။ | ရူပံ | ရူပက္ခန္ဓော | ရူပက္ခန္ဓော | ရူပံ |
| ၂။ | ဝေဒနာ | ဝေဒနာက္ခန္ဓော | ဝေဒနာက္ခန္ဓော | ဝေဒနာ |
| ၃။ | သညာ | သညာက္ခန္ဓော | သညာက္ခန္ဓော | သညာ |
| ၄။ | သင်္ခါရာ | သင်္ခါရက္ခန္ဓော | သင်္ခါရက္ခန္ဓော | သင်္ခါရာ |
| ၅။ | ဝိညာဏံ | ဝိညာဏက္ခန္ဓော | ဝိညာဏက္ခန္ဓော | ဝိညာဏံ |

ပစ္စနိက်၌ (န)ထည့်၍ ဆိုရုံသာ။
နောက်ဝါရတို့၌လည်း နည်းတူ သိပါ။

## ပဒသောဓန မူလစက္ကဝါရ အနုလုံ ရူပက္ခန္ဓမူ ပါဠိတော်ဓယား

| စဉ် | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ (မူလီ) |
| ၁။ | ရူပံ | ရူပက္ခန္ဓော | ခန္ဓာ | ဝေဒနာက္ခန္ဓော |
| ၂။ | ॥ | ॥ | ॥ | သညာက္ခန္ဓော |
| ၃။ | ॥ | ॥ | ॥ | သင်္ခါရက္ခန္ဓော |
| ၄။ | ॥ | ॥ | ॥ | ဝိညာဏက္ခန္ဓော |

**ဝေဒနာက္ခန္ဓမူ၌** '**ဝေဒနာ ဝေဒနာက္ခန္ဓော၊ ခန္ဓာ ရူပက္ခန္ဓော**' စသည်ဖြင့် ဆို။
သညာက္ခန္ဓမူ စသည်တို့၌လည်း နည်းမှီ၍ ဆိုပါ။

မူ ၁–မူ၌ မူလီ ၄–ခုစီ ရှိ၍ မူ ၅–မူ၌ (၅ × ၄=) မူလီပေါင်း (ယမကပေါင်း) ၂၀–ဖြစ်၏။

http://www.dhammadownload.com



## သုဒ္ဓခန္ဓဝါရ - အနုလုံ
## ပါဠိတော်ဇယား

| စဉ် | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ၁။ | ရူပံ | ခန္ဓော | ခန္ဓာ | ရူပံ (ရူပက္ခန္ဓော) |
| ၂။ | ဝေဒနာ | ။ | ။ | ဝေဒနာ (ဝေဒနာက္ခန္ဓော) |
| ၃။ | သညာ | ။ | ။ | သညာ (သညာက္ခန္ဓော) |
| ၄။ | သင်္ခါရာ | ။ | ။ | သင်္ခါရာ (သင်္ခါရက္ခန္ဓော) |
| ၅။ | ဝိညာဏံ | ။ | ။ | ဝိညာဏံ (ဝိညာဏက္ခန္ဓော) |

ပဋိလောမ၌- ဥဒ္ဒေသဝယ် 'ခန္ဓာ ရူပံ၊ ခန္ဓာ ဝေဒနာ' စသည်ဖြင့်ဆိုပါ။
နိဒ္ဒေသဝယ် 'ခန္ဓာ ရူပက္ခန္ဓော၊ ခန္ဓာ ဝေဒနာက္ခန္ဓော' စသည်ဖြင့် ဆိုပါ။

'ခန္ဓာ ရူပံ' စသည်တို့ကို အနက်ပေးရာ၌- ''ရူပံ၊ ရူပက္ခန္ဓာမည်သလော။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာ မည်သလော''စသည်ဖြင့် ပေးပါ။

## သုဒ္ဓခန္ဓ မူလစက္ကဝါရ - အနုလုံ
## ရူပက္ခန္ဓမူ ပါဠိတော်ဇယား

| စဉ် | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ၁။ | ရူပံ | ခန္ဓော | ခန္ဓာ | ဝေဒနာ (ဝေဒနာက္ခန္ဓော) |
| ၂။ | ။ | ။ | ။ | သညာ (သညာက္ခန္ဓော) |
| ၃။ | ။ | ။ | ။ | သင်္ခါရာ (သင်္ခါရက္ခန္ဓော) |
| ၄။ | ။ | ။ | ။ | ဝိညာဏံ (ဝိညာဏက္ခန္ဓော) |

ဝေဒနာက္ခန္ဓမူ၌ - 'ဝေဒနာ ခန္ဓော၊ ခန္ဓာ ရူပံ (ရူပက္ခန္ဓော)' စသည်ဖြင့် ဆိုပါ။
သညာက္ခန္ဓမူ စသည်တို့၌လည်း နည်းမှီ၍ ဆိုပါ။

မူ ၁-မူ၌ မူလီ ၄-ခုစီ ရှိ၍ မူ ၅-မူ၌ မူလီပေါင်း (ယမကပေါင်း) (၅ × ၄=) ၂၀-ဖြစ်၏။

http://www.dhammadownload.com



## ၁။ ပဒသောဓနဝါရ

### အုပ်စုခွဲပုံ

(ဆောင်) ရူ နှင့် သညာ၊ အတူလာ၊ သခါ တစ်မျိုးပါ။
ဝေ နှင့် ဝိညာ၊ အတူလာ၊ ခွဲပါ သုံးစုမျှ။

### အုပ်စု(၁)

### ရူပက္ခန္ဓယမက

| ၁ | ၂ | ၃ |
|---|---|---|
| ပိယရုပ် သာတရုပ် | ရုပ်အဌ္ဌီသ = ရူပက္ခန္ဓာ | လောကုတ္တရာစိတ် ၈–ခု၊ စေ–၃၆၊ နိဗ္ဗာန်၊ ပညတ် |
| ရူပ × | ရူပ ရူပက္ခန္ဓာ | × × |
| ပိယရူပံ သာတရူပံ ရူပံ န ရူပက္ခန္ဓော | ရူပက္ခန္ဓော ရူပဥ္စေဝ ရူပက္ခန္ဓော စ | ရူပဥ္စ ရူပက္ခန္ဓဥ္စ ဌပေတွာ အဝသေသာ န စေဝ ရူပံ န စ ရူပက္ခန္ဓော |

### အနုလုံ ဝိဘင်းထုတ်ပုံ အပြည့်အစုံ

**အနုလောမ** – ရူပံ ရူပက္ခန္ဓောတိ။ ပိယရူပံ သာတရူပံ ရူပံ န ရူပက္ခန္ဓော။
ရူပက္ခန္ဓော ရူပဥ္စေဝ ရူပက္ခန္ဓော စ။

**ပဋိလောမ** – ရူပက္ခန္ဓော ရူပန္တိ။ အာမန္တာ။

### အရကောက်

၁။ တဏှာ၏ **အာရုံဖြစ်သော** ချစ်အပ် သာယာအပ်သော လောကီစိတ် ကောသီတိ။ စေ – ဒွေ ပညာသ၊ ရုပ် အဌ္ဌီသဟု ဆိုအပ်သော 'အပေါင်းဖြစ်သော' ပိယရုပ်, သာတရုပ်။

**(တစ်နည်း)** တဏှာ၏ **အာရုံဖြစ်ထိုက်သော** ချစ်အပ်သာယာအပ်သော လောကီစိတ် ကော–သီတိ၊ စေ–ဒွေပညာသဟု ဆိုအပ်သော ပိယရုပ် သာတရုပ်။

၂။ ရုပ္ပနလက္ခဏာရှိသော 'အစိတ်ဖြစ်သော' ရုပ်အဌ္ဌီသဟု ဆိုအပ်သော ရူပက္ခန္ဓာ။

**(တစ်နည်း)** – ရုပ္ပနလက္ခဏာရှိသော ရုပ်အဌ္ဌီသဟု ဆိုအပ်သော ရူပက္ခန္ဓာ။

http://www.dhammadownload.com



## ပစ္စနိက် ဝိဘင်းထုတ်ပုံ အပြည့်အစုံ

အနုလောမ – န ရူပံ န ရူပက္ခန္ဓောတိ၊ အာမန္တာ။

ပဋိလောမ – န ရူပက္ခန္ဓော န ရူပန္တိ။ ပိယရူပံ သာတရူပံ **န ရူပက္ခန္ဓော ရူပံ၊** ရူပဉ္စ ရူပက္ခန္ဓဉ္စ ဌပေတွာ အဝသေသာ **န စေဝ ရူပံ န စ ရူပက္ခန္ဓော။**

သတိ ။ ။ ပဋိလောမပုစ္ဆာကို ဖြေဆိုရာ၌ တစ်ဖက်ရကို ပုစ္ဆာအားလျော်စွာ ဖြေဆို၍၊ နှစ်ဖက်ရကို ပုစ္ဆာ၏ ဆန့်ကျင်ဘက် အပြန်အားဖြင့် ဖြေဆိုထားသည်ကို သတိပြု။ နောက်ယမကတို့၌လည်း နည်းတူ သိပါ။

### သညာက္ခန္ဓယမက

| ၁ | ၂ | ၃ |
|---|---|---|
| ဒိဋ္ဌိစေတသိက်ဟုဆိုအပ်သော သညာ | သဥ္ဇာနနလက္ခဏာရှိသော သညာက္ခန္ဓာ | ဒိဋ္ဌိသညာ, သညာက္ခန္ဓာမှတပါး ခန္ဓာ ၄–ပါး၊ နိဗ္ဗာန်၊ ပညတ် |
| သညာ<br>× | သညာ<br>သညာက္ခန္ဓာ | ×<br>× |
| ဒိဋ္ဌိသညာ | သညာက္ခန္ဓော | သညဉ္စ သညာက္ခန္ဓဉ္စ ဌပေတွာ အဝသေသာ |

### အုပ်စု(၂)
### သင်္ခါရက္ခန္ဓ ယမက

| ၁ | ၂ | ၃ |
|---|---|---|
| စိတ် ၈၉၊ ဝေဒနာ, သညာ၊ ရုပ်–၂၈ | သင်္ခါရက္ခန္ဓာ–၅၀ | နိဗ္ဗာန် ပညတ် |
| သင်္ခါရ<br>× | သင်္ခါရ<br>သင်္ခါရက္ခန္ဓာ | ×<br>× |
| သင်္ခါရက္ခန္ဓံ ဌပေတွာ အဝသေသာ | သင်္ခါရက္ခန္ဓော | သင်္ခါရေ စ သင်္ခါရက္ခန္ဓဉ္စ ဌပေတွာ အဝသေသာ |

http://www.dhammadownload.com



## ဒုပ်စု (၃)

### ဝေဒနာက္ခန္ဓယမက

| ၁ | ၂ |
|---|---|
| ဝေဒနာစေတသိက်ဟု ဆိုအပ်သော ဝေဒနာက္ခန္ဓာ | ဝေဒနာက္ခန္ဓာမှ တစ်ပါး ခန္ဓာ ၄–ပါး၊ နိဗ္ဗာန်၊ ပညတ် |
| ဝေဒနာ<br>ဝေဒနာက္ခန္ဓာ | ×<br>× |

အနုလုံ၊ ပစ္စနိက်– 'အာမန္တာ' ချည်း ထုတ်။

### ဝိညာဏက္ခန္ဓယမက

| ၁ | ၂ |
|---|---|
| စိတ်တစ်ခုယုတ်၊ ၉၀–ဟုဆိုအပ်သော ဝိညာဏက္ခန္ဓာ၊ | ဝိညာဏက္ခန္ဓာမှ တစ်ပါး ခန္ဓာ ၄–ပါး၊ နိဗ္ဗာန်၊ ပညတ်၊ |
| ဝိညာဏ<br>ဝိညာဏက္ခန္ဓာ | ×<br>× |

အနုလုံ၊ ပစ္စနိက် – 'အာမန္တာ' ချည်း ထုတ်။

## ၂။ ပဒသောဓန မူလစက္ကဝါရ (ပဋိလောမ)

### ရူပက္ခန္ဓမူ–ဝေဒနာက္ခန္ဓမူလီ

| ၁ | ၂ | ၃ |
|---|---|---|
| ဝေဒနာက္ခန္ဓာ<br>(မူလီခန္ဓာ) | –မှတစ်ပါး ခန္ဓာ ၄–ပါး | နိဗ္ဗာန်၊ ပညတ် |
| ခန္ဓာ<br>ဝေဒနာက္ခန္ဓာ | ခန္ဓာ<br>× | ×<br>× |
| ဝေဒနာက္ခန္ဓော<br>ခန္ဓော စေဝ ဝေဒနာက္ခန္ဓော စ | အဝသေသာ<br>ခန္ဓာ န ဝေဒနာက္ခန္ဓော | |

http://www.dhammadownload.com



**တရားပုံရ ပုံ** – ဝေဒနာက္ခန္ဓမူလီဖြစ်၍ ဝေဒနာက္ခန္ဓာကို နံပါတ် ၁–တရားပုံ၌ ထားပြီး၊ ကြွင်း ခန္ဓာ ၄–ပါးကို နံပါတ်–၂ တရားပုံ၌ ထားရခြင်း ဖြစ်သည်။ ကြွင်းမူလီတို့၌လည်း နည်းတူ သိပါ။

## ၃။ သုဒ္ဓခန္ဓဝါရ–အနုလောမ

### အုပ်စုခွဲပုံ

(ဆောင်) – ရူ,ဝေ,သညာ၊ ဝိညာဏာ၊ လေးဖြာ တစ်စုပြု။
– သင်္ခါ ရမှာ၊ သူ့ချည်းသာ၊ ခွဲပါ နှစ်စုမျှ။

**ရူပက္ခန္ဓယမက**

| ၁ | ၂ | ၃ |
|---|---|---|
| .....လောကီစိတ်–၈၁၊ စေ–၅၂၊ ရုပ်–၂၈၊ | လောကုတ်–၈၊ စေ–၃၆၊ | နိဗ္ဗာန် ပညတ် |
| ရူပ ခန္ဓာ | × ခန္ဓာ | × × |
| | ရုပ် ၄ပေတွာ အဝသေသာ ခန္ဓာ န ရုပ် ခန္ဓာ | ရူပဥ္စ ခန္ဓေ စ ဌပေတွာ အဝသေသာ န စေဝ ရုပ် န စ ခန္ဓာ |

**တရားပုံ ရပုံ။** ။ ရူပက္ခန္ဓယမကဖြစ်၍ 'ရူပ=ရုပ်'မည်နိုင်သမျှ တရားအားလုံးကို ၁–ပုံ၊ ကြွင်းသော စိတ်, စေတသိက် တို့ကို ၁–ပုံ၊ နိဗ္ဗာန်, ပညတ်တို့ကို ၁–ပုံ ပုံရကြောင်း သိပါ။ ကြွင်းသော ယမကတို့၌လည်း နည်းတူသိပါ။

**အရကောက်။** ။ နံပါတ်(၁)ကို အရကောက်သောအခါ "**တဏှာ၏ အာရုံဖြစ်သော ချစ်အပ်သာယာအပ်သော**"ဟု ဝိသေသန မ,၍ ကောက်ပါ။

**သုဒ္ဓခန္ဓဝါရ ပဋိလောမ။** ။ဤသုဒ္ဓခန္ဓဝါရ ပဋိလောမသည် ပဒသောဓနမူလ စက္ကဝါရ ပဋိလောမနှင့် အလုံးစုံ တူ၏။

**ဝေဒနာက္ခန္ဓယမက**

| ၁ | ၂ | ၃ |
|---|---|---|
| ဝေဒနာက္ခန္ဓာ | –မှ တစ်ပါး ခန္ဓာ ၄–ပါး | နိဗ္ဗာန်၊ ပညတ် |
| ဝေဒနာ ခန္ဓာ | × ခန္ဓာ | × × |

ရူပက္ခန္ဓယမက နည်းတူ ဝိဘင်းထုတ်ပါ။ သညာက္ခယမက၊ ဝိညာဏက္ခန္ဓယမကတို့၌လည်း နည်းတူ။

## သညာကန္ဓယမက

| ၁ | ၂ | ၃ |
|---|---|---|
| ဒိဋ္ဌိသညာ<br>သညာကန္ဓာ | –မှတစ်ပါး ခန္ဓာ ၄–ပါး | နိဗ္ဗာန်၊ ပညတ် |
| သညာ<br>ခန္ဓာ | ×<br>ခန္ဓာ | ×<br>× |

## ဝိညာဏက္ခန္ဓယမက

| ၁ | ၂ | ၃ |
|---|---|---|
| ဝိညာဏက္ခန္ဓာ | –မှတစ်ပါးခန္ဓာ ၄–ပါး | နိဗ္ဗာန်၊ ပညတ် |
| ဝိညာဏ<br>ခန္ဓာ | ×<br>ခန္ဓာ | ×<br>× |

## သင်္ခါရက္ခန္ဓယမက

| ၁ | ၂ |
|---|---|
| စိတ်– ၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ | နိဗ္ဗာန်၊ ပညတ် |
| သင်္ခါရ<br>ခန္ဓာ | ×<br>× |

အနုလုံ–ပစ္စနိက် – 'အာမန္တာ'ချည်းထုတ်

### တရားပုံရ ပုံ

ဤယမကဌ် သင်္ခါရမည်သောတရားတို့ကို ၁–ပုံ၊
သင်္ခါရမမည်သောတရားတို့ကို ၁–ပုံ ပုံရသည်ဟု သိပါ။

http://www.dhammadownload.com



## ၄။ သုဒ္ဓခန္ဓမူလစက္ကဝါရ

ဤဝါရ၌ အနုလောမသည် သုဒ္ဓခန္ဓဝါရ အနုလောမနှင့် တူ၍၊
ပဋိလောမသည် ပဒသောဓနမူလစက္ကဝါရ ပဋိလောမနှင့် တူ၏။
(ပဒသောဓနမူလစက္ကဝါရ၊ သုဒ္ဓခန္ဓဝါရ၊ သုဒ္ဓခန္ဓမူလစက္ကဝါရ ပဋိလောမတို့သည် အတူတူပင် ဖြစ်၏–ဟု မှတ်ပါ။)

## ခန္ဓယမက ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ၌ ဝါရ၊ နယ၊ ယမက၊ ပုစ္ဆာ၊ အတ္ထများ

**ပဒသောဓနဝါရ အနုလုံ၌** – ယမက ၅–ပါး၊ ပုစ္ဆာ ၁၀–ပါး၊ အတ္ထ ၂၀–ဖြစ်၏။ **ပစ္စနိက်၌လည်း** ထို့အတူ ဖြစ်၏။ **အနုလုံ ပစ္စနိက် ၂–ပါးကို ပေါင်းသည်ရှိသော်** ပဒသောဓနဝါရ၌– နယ ၂–ပါး၊ ယမက ၁၀–ပါး၊ ပုစ္ဆာ ၂၀၊ အတ္ထ ၄၀–ဖြစ်သတည်း။

**ပဒသောဓနမူလစက္ကဝါရ အနုလုံ** ရူပက္ခန္ဓမူ၌ ယမက ၄–ပါး၊ ပုစ္ဆာ ၈–ပါး၊ အတ္ထ ၁၆–ပါးဖြစ်၏။ ဝေဒနာက္ခန္ဓမူ၊ သညာက္ခန္ဓမူ၊ သင်္ခါရက္ခန္ဓမူ၊ ဝိညာဏက္ခန္ဓမူ တို့၌လည်း ထို့အတူပင် ဖြစ်၏။ ဤသို့လျှင် ပဒသောဓနမူလစက္ကဝါရ အနုလုံ၌ မူလ ၅–ပါး၊ ယမက–၂၀၊ ပုစ္ဆာ–၄၀၊ အတ္ထ–၈၀၊ ဖြစ်၏။ **ပစ္စနိက်၌ လည်း** ထို့အတူပင် ဖြစ်၏။ **အနုလုံ, ပစ္စနိက် ၂–ပါးကို ပေါင်းသည်ရှိသော်** ပဒသောဓနမူလစက္ကဝါရ၌ နယ–၂ပါး၊ မူလ–၁၀–ပါး၊ ယမက–၄၀၊ ပုစ္ဆာ–၈၀၊ အတ္ထ–၁၆၀ ဖြစ်သတည်း။

**သုဒ္ဓခန္ဓဝါရ၌** ပဒသောဓနဝါရနည်းတူ နယ ၂–ပါး၊ ယမက ၁၀–ပါး၊ ပုစ္ဆာ–၂၀၊ အတ္ထ–၄၀ ဖြစ်၏။

**သုဒ္ဓခန္ဓမူလစက္ကဝါရ၌** ပဒသောဓနမူလစက္ကဝါရ နည်းတူ နယ ၂–ပါး၊ မူလ ၁၀–ပါး၊ ယမက –၄၀၊ ပုစ္ဆာ–၈၀၊ အတ္ထ–၁၆၀ ဖြစ်၏။

**ခန္ဓယမိုက် ပဏ္ဏတ္တိဝါရ၏ ဥဒ္ဒေသ၌** ဝါရ ၄–ပါး၊ နယ ၈–ပါး၊ ယမက–၁၀၀၊ ပုစ္ဆာ–၂၀၀၊ အတ္ထ–၄၀၀ ဖြစ်၏။

**(ဆောင်)** ဝါရလေးဖြာ၊ ရှစ်ဖြာနယ၊ ယမက၊ မှတ်ကြ တစ်ရာပေ။
ပုစ္ဆာနှစ်ရာ၊ လေးရာ အတ္ထ၊ ခန်ပဏ္ဏ၊ တွက်ပြ သောတုဆွေ။

## ပဏ္ဏတ္တိဝါရ နိဒ္ဒေသ၌ ဟောသောတရား

ဤပဏ္ဏတ္တိဝါရနိဒ္ဒေသ၌ ပရမတ္ထတရား ၄–ပါး၊ ပညတ်တရားတို့ကို ဟောပါသည်။

**(ဆောင်)** ပရမတ်, ပညတ်၊ ဟောမိန့်အပ်၊ ပဏ္ဏတ် ဝါရမှာ။

**ခန္ဓယမိုက် ပဏ္ဏတ္တိဝါရ ပြီး၏။**

http://www.dhammadownload.com

# ( ၃။ အာယတနယမိုက် )

## ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ ဟောရိုးစစ်

ခန္ဓယမိုက် – အာယတနယမိုက်
ပဏ္ဏတ္တိဝါရ၊ ပဝတ္တိဝါရ၊ ပရိညာဝါရ ၃–ပါး
(တစ်နည်း) အာယတနုဒ္ဒေသ၊ နာမဝဝတ္ထာန်၊ နယဝါရ ၃–ပါး

**အာယတနုဒ္ဒေသ** = ဒွါဒသာယတနာနိ။

**နာမဝဝတ္ထာန်** = စက္ခာယတနံ၊ သောတာယတနံ
။ ပ ။
မနာယတနံ၊ ဓမ္မာယတနံ

အနက် ၂–နည်းပေး။
အကြွင်းကို ခန္ဓယမိုက် ပဏ္ဏတ္တိဝါရကို နည်းမှီ၍ ဆိုပါ။

### ပဒသောဓနဝါရ–အနုလုံ ပါဠိတော်ဖယား

| စဉ် | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ၁။ | စက္ခု | စက္ခာယတနံ | စက္ခာယတနံ | စက္ခု |
| ၂။ | သောတံ | သောတာယတနံ | သောတာယတနံ | သောတံ |
| ၃–၁၀။ | (ပ) | (ပ) | (ပ) | (ပ) |
| ၁၁။ | မနော | မနာယတနံ | မနာယတနံ | မနော |
| ၁၂။ | ဓမ္မော | ဓမ္မာယတနံ | ဓမ္မာယတနံ | ဓမ္မော |

**အနုလောမ သန္နိဋ္ဌာန်၊ ပဋိလောမ သံသယ ပေယျာလကို**
''ဃာနံ၊ ဇိဝှါ၊ ကာယော၊ ရူပံ၊ သဒ္ဒေါ၊ ဂန္ဓော၊ ရသော၊ ဖောဋ္ဌဗ္ဗော''ဟု ဆိုပါ။

http://www.dhammadownload.com



## ပဒသောဓနမူလစက္ကဝါရ-အနုလုံ ပါဠိတော်ဓယား

### စက္ခာယတနမူ

| စဉ် | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ၁။ | စက္ခု | စက္ခာယတနံ | အာယတနာ | သောတာယတနံ |
| ၂။ | ။ | ။ | ။ | ဃာနာယတနံ |
| ၃-၉။ | ။ | ။ | ။ | ။ ပ ။ |
| ၁၀။ | ။ | ။ | ။ | မနာယတနံ |
| ၁၁။ | ။ | ။ | ။ | ဓမ္မာယတနံ |

သောတာယတနမူ စသည်တို့၌လည်း စက္ခာယတနစသည်ကို မူလီသွတ်၍ ဆိုပါ။
မူ ၁၂-ခု၊ မူလီ ၁၁-ခုစီဖြစ်၍ ၁၂ × ၁၁ = ၁၃၂ ဖြစ်ကြောင်း သိပါ။
**ပစ္စနိက်၌** "န စက္ခု န စက္ခာယတနံ။ **နာယတနာ** န သောတာယတနံ"စသည်ဖြင့် ဆိုပါ။

## သုဒ္ဓါယတနဝါရ-အနုလုံ ပါဠိတော်ဓယား

| စဉ် | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ၁။ | စက္ခု | အာယတနံ | အာယတနာ | စက္ခု (စက္ခာယတနံ) |
| ၂။ | သောတံ | ။ | ။ | သောတံ (သောတာယတနံ) |
| ၃-၁၀။ | ။ ပ ။ | ။ | ။ | ။ ပ ။ |
| ၁၁။ | မနော | ။ | ။ | မနော (မနာယတနံ) |
| ၁၂။ | ဓမ္မော | ။ | ။ | ဓမ္မော (ဓမ္မာယတနံ) |

http://www.dhammadownload.com



## သုဒ္ဓါယတနမူလစက္ကဝါရ-အနုလုံ ပါဠိတော်ဓယား

### စက္ခာယတနမူ

| စဉ် | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ၁။ | စက္ခု | အာယတနံ | အာယတနာ | သောတံ (သောတာယတနံ) |
| ၂။ | ။ | ။ | ။ | ဃာနံ (ဃာနာယတနံ) |
| ၃-၉။ | ။ | ။ | ။ | ။ ပ ။ |
| ၁၀။ | ။ | ။ | ။ | မနော (မနာယတနံ) |
| ၁၁။ | ။ | ။ | ။ | ဓမ္မော (ဓမ္မာယတနံ) |

သောတာယတနမူ စသည်တို့၌လည်း ''သောတံ အာယတနံ၊ အာယတနာ စက္ခု (စက္ခာယတ နံ)'' စသည်ဖြင့် သိပါ။ မူ ၁၂-ခု၌ မူလီ ၁၁-ခုစီ ဖြစ်၍ ၁၂ × ၁၁ = ၁၃၂ ဖြစ်၏။

## ၁။ ပဒသောဓနဝါရ

### အုပ်စုခွဲပုံ

၁။ စက္ခု, သောတ၊ ဂန္ဓ, ရသာ၊ ဤလေးဖြာ၊ ဟောပါ အလားတူ။
၂။ ကာယ, ရူပ၊ ဓမ္မ - သုံးပါး၊ သဘောသွား၊ မှတ်သား အလားတူ။
၃။ ဃာန, ဇိဝှါ၊ သဒ္ဒါ တစ်ဝ၊ ဖောဋ္ဌဗ္ဗနှင့်၊ မန တစ်ဖြာ၊ ငါးမျိုးမှာ၊ ဟောပါ အလားတူ။
၄။ ပဒသောဓနေ၊ ထိုဝါရ၊ ဟောကြ စိတ်ဖြူဖြူ။

### အုပ်စု-၁

### စက္ခာယတနယမက

| ၁ | ၂ | ၃ |
|---|---|---|
| ဒိဗ္ဗစက္ခု<br>ပညာစက္ခု | စက္ခာယတန | စက္ခု ၃-ပါးမှ တစ်ပါး<br>အာယတန ၁၁-ပါး၊ ပညတ် |
| စက္ခု<br>× | စက္ခု<br>စက္ခာယတန | ×<br>× |
| ဒိဗ္ဗစက္ခု ပညာစက္ခု<br>စက္ခု န စက္ခာယတနံ | စက္ခာယတနံ<br>စက္ခုစေဝ စက္ခာယတနဉ္စ | စက္ခုဉ္စ စက္ခာယတနဉ္စ ဌပေတွာ<br>အဝသေသံ န စေဝ စက္ခု န စ စက္ခာယတနံ |

http://www.dhammadownload.com



(၁) အရကောက် – ဒိဗ္ဗစက္ခုဟုဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ်,
ပညာစက္ခုဟုဆိုအပ်သော တတိယဝိဇ္ဇာဉာဏ်။

သိမှတ်ဖွယ်။ ။"စက္ခု ၃–ပါး၊ သောတ ၃–ပါး၊ ဂန္ဓ ၄–ပါး၊ ရသ ၄–ပါး ရှိသည်"ဟု သိပါ။

## သောတာယတနယမက

| ၁ | ၂ | ၃ |
|---|---|---|
| ဒိဗ္ဗသောတ<br>တဏှာသောတ | သောတာယတန | သောတ ၃–ပါးမှ တစ်ပါး<br>အာယတန ၁၁–ပါး၊ ပညတ် |
| သောတ<br>× | သောတ<br>သောတာယတန | ×<br>× |
| ဒိဗ္ဗသောတံ<br>တဏှာသောတံ | သောတာယတနံ | သောတဥ္စ သောတာယတနဥ္စ<br>ဌပေတွာ အဝသေသံ |

(၁) အရကောက်– ဒိဗ္ဗသောတ ဟုဆိုအပ်သော အဘိညာဉ်။
တဏှာသောတဟု ဆိုအပ်သော လောဘစေတသိက်။

## ဂန္ဓာယတနယမက

| ၁ | ၂ | ၃ |
|---|---|---|
| သီလဂန္ဓ<br>သမာဓိဂန္ဓ<br>ပညာဂန္ဓ | ဂန္ဓာယတန | ဂန္ဓ ၄–ပါးမှ တစ်ပါး<br>အာယတန ၁၁–ပါး၊ ပညတ် |
| ဂန္ဓ<br>× | ဂန္ဓ<br>ဂန္ဓာယတန | ×<br>× |
| သီလဂန္ဓော<br>သမာဓိဂန္ဓော<br>ပညာဂန္ဓော။ | ဂန္ဓာယတနံ | ဂန္ဓဥ္စ ဂန္ဓာယတနဥ္စ ဌပေတွာ<br>အဝသေသံ |

http://www.dhammadownload.com



**အရကောက်** – ၁။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟု ဆိုအပ်သော သီလက္ခန္ဓ။
၂။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သမာဓိက္ခန္ဓ။
၃။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဟု ဆိုအပ်သော ပညာက္ခန္ဓ။

**ရသာယတနယမက**

| ၁ | ၂ | ၃ |
|---|---|---|
| အတ္တရသ<br>ဓမ္မရသ<br>ဝိမုတ္တိရသ | ရသာယတန | ရသ ၄–ပါးမှ တစ်ပါး<br>အာယတန ၁၁–ပါး၊ ပညတ် |
| ရသ<br>× | ရသ<br>ရသာယတန | ×<br>× |
| အတ္တရသော<br>ဓမ္မရသော<br>ဝိမုတ္တိရသော | ရသာယတနံ | ရသဥ္စ ရသာယတနဥ္စ ဌပေတွာ<br>အဝသေသံ |

**အရကောက်** – ဖိုလ် ၄–ခု စိတ္တုပ္ပါဒ်ဆိုအပ်သော **အတ္တရသ**။
– မဂ် ၄–ခု စိတ္တုပ္ပါဒ်ဟုဆိုအပ်သော **ဓမ္မရသ**။
– နိဗ္ဗာန်ဟုဆိုအပ်သော **ဝိမုတ္တိရသ**။

**(တစ်နည်း)** – ကုသိုလ်, အကုသိုလ် အစရှိသော ပရမတ္ထဟုဆိုအပ်သော **အတ္တရသ**။
– 'ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ' အစရှိသော ဝဇီဘေဒသဒ္ဒဟု ဆိုအပ်သော **ဓမ္မရသ**။
– နိဗ္ဗာန်ဟုဆိုအပ်သော **ဝိမုတ္တိရသ**။

**ဒုပ်စု(၂)**

**ကာယာယတနယမက**

| ၁ | ၂ | ၃ |
|---|---|---|
| နာမကာယ<br>ရူပကာယ<br>ပညတ္တိကာယ | ကာယာယတန | တွင်း လိုဏ် အစရှိသော<br>အစိတ်အစိတ်သော<br>ကောဋ္ဌာသပညတ် |
| ကာယ<br>× | ကာယ<br>ကာယာယတန | ×<br>× |

http://www.dhammadownload.com



ဝိဘင်း - ၁။ ကာယာယတနံ ဌပေတွာ အဝသေသော။
၃။ ကာယဥ္စ ကာယာယတနဥ္စ ဌပေတွာ အဝသေသံ။

အနက်ပေး - ကာယာယတနံ၊ ကို။ ဌပေတွာ၊ ထား၍။ အဝသေသော၊ ကြွင်းသော။ ကာယော၊ ကာယသည်။ န ကာယာယတနံ၊ ကာယာယတန မမည်။ **(တစ်နည်း)** အဝသေသော၊ သော တရားသည်။ န ကာယာယတနံ၊ မမည်။

(၁)အရကောက် - စိတ်-၈၉၊ စေ-၅၂၊ နိဗ္ဗာန်ဟုဆိုအပ်သော **နာမကာယ**။
- ကာယာယတနမှတစ်ပါး ရုပ်သတ္တဝီသဟုဆိုအပ်သော **ရူပကာယ**။
- ဆင်အပေါင်း မြင်းအပေါင်းအစရှိသော **ပညတ္တိကာယ**။

**ရူပါယတနယမက**

| ၁ | ၂ | ၃ |
|---|---|---|
| .....လောကီ-၈၁<br>စေ-၅၂၊ ရုပ်-၂၇ | ရူပါယတန | လောကုတ်-၈၊<br>စေ-၃၆၊<br>နိဗ္ဗာန်၊ ပညတ် |
| ရူပ<br>× | ရူပ<br>ရူပါယတန | ×<br>× |

(၁) ဝိဘင်း - ရူပါယတနံ ဌပေတွာ အဝသေသံ၊
(၁)အရကောက် - **တဏှာ၏ အာရုံဖြစ်ထိုက်သော ချစ်အပ်သာယာအပ်သော** လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရူပါယတနမှ တစ်ပါး ရုပ်သတ္တဝီသ။

**ဓမ္မာယတန ယမက**

| ၁ | ၂ | ၃ |
|---|---|---|
| ပရမတ္ထဓမ္မ<br>ပညတ္တိ ဓမ္မ | ဓမ္မာယတန | တွင်းလိုဏ်အစရှိသော<br>အစိတ်အစိတ်သော<br>ကေဒေသပညတ် |
| ဓမ္မ<br>× | ဓမ္မ<br>ဓမ္မာယတန | ×<br>× |

http://www.dhammadownload.com



(၁) ဝိဘင်း – ဓမ္မာယတနံ ဌပေတွာ အဝသေသော။
(၁) ဝိဘင်း – ဓမ္မဥ္စ ဓမ္မာယတနဥ္စ ဌပေတွာ အဝသေသံ။
(၁)အရကောက် – ဓမ္မာယတနမှတစ်ပါး စိတ်–ရုပ်၊
သြဠာရိကရုပ် ဒွါဒသဟုဆိုအပ်သော ပရမတ္ထဓမ္မ၊
– အပေါင်းဖြစ်သော ပညတ္တိဓမ္မ။

အုပ်စု (၃)

ဃာနာ–၊ ဇိဝှါ–၊ သဒ္ဒါ–၊ ဖောဋ္ဌဗ္ဗာ–၊ မနာယတနယမက။

| ၁ | ၂ |
|---|---|
| ဃာနာယတန | –မှ တစ်ပါး အာယတန(၁၁)ပါး ပညတ် |
| ဃာန<br>ဃာနာယတန | ×<br>× |

ဇိဝှါယတနယမက စသည်တို့၌ ယမကအားလျော်စွာ နံပါတ်(၁)အကွက်တွင် ''ဇိဝှါယတန'' စသည် ပြောင်းလဲ၍ ထည့်ပါ။ ''ဃာနံ ဃာနာယတနံ၊ ဇိဝှါ ဇိဝှါယတနံ၊ သဒ္ဒေါ သဒ္ဒါယတနံ၊ ဖောဋ္ဌဗ္ဗော ဖောဋ္ဌဗ္ဗာယတနံ၊ မနော မနာယတနံ'' စသည်ဖြင့် ဆိုကြပါလေ။

၂။ ပဒသောဓနမူလစက္ကဝါရ ၃။ သုဒ္ဓါယတနဝါရ
၄။ သုဒ္ဓါယတနမူလစက္ကဝါရ – (ပဋိလောမ)များ အတွက်
စက္ခာယတနမူ – သောတာယတနမူလီ စသည်။

| ၁ | ၂ | ၃ |
|---|---|---|
| သောတာယတန<br>(မူလီအာယတနများ) | –မှတစ်ပါး<br>အာယတန ၁၁–ပါး | ပညတ် |
| အာယတန<br>သောတာယတန | အာယတန<br>× | ×<br>× |
| သောတာယတနံ<br>အာယတနဉ္စေဝ<br>သောတာယတနဥ္စ။ | အဝသေသာ အာယတနာ<br>န သောတာယတနံ။ | |

မှတ်ချက် – နှစ်ဖက်ရမှ စ၍ ဝိဘင်းထုတ်ရကြောင်း သိပါ။
အနုလောမကို ပဒသောဓနဝါရအတိုင်း ဆိုပါ။

http://www.dhammadownload.com



## သုဒ္ဓါယတန [အနုလောမ]

### အုပ်စုခွဲပုံ

(ဆောင်) ကာယ, ဓမ္မ၊ ထိုနှစ်ဝ ချန်၊ ကြွင်း ဆယ်တန်၊ ဟောရန် အတူသာ။
ကာယ, ဓမ္မ၊ ထိုနှစ်ဝ၊ ဟောကြ အတူသာ။
သုဒ္ဓါယတန၊ ထိုဝါရ၊ ဟောကြ လွယ်ကူစွာ။

### အုပ်စု (၁)

### စက္ခာယတနယမက စသည်

| ၁ | ၂ | ၃ |
|---|---|---|
| စက္ခု သုံးပါး | – မှ တစ်ပါး အာယတန ၁၁–ပါး | ပဉ္စတ် |
| စက္ခု<br>အာယတန | ×<br>အာယတန | ×<br>× |
| | စက္ခုံ ဌပေတွာ အဝသေသာ အာယတနာ<br>န စက္ခု အာယတနာ | စက္ခုံ စ အာယတနဥ္စ ဌပေတွာ အဝသေသာ<br>န စေဝ စက္ခု န စ အာယတနာ |

မှတ်ချက် – ပဋိလောမသည် ပဒသောဓနမူလစက္ကဝါရ ပဋိလောမနှင့် တူ၏။

| | | |
|---|---|---|
| သောတာယတန ယမက၌ နံပါတ်(၁)အကွက်တွင် | | သောတသုံးပါ။ |
| ဃာနာယတန ယမက၌ | ။ | ဃာနလေးပါး |
| ရသာယတန ယမက၌ | ။ | ရသလေးပါး။ |
| ဃာန၊ ဇိဝှါ၊ သဒ္ဒ၊ ဖောဋ္ဌဗ္ဗ | | |
| မနာယတနယမကတို့၌ | ။ | ဃာနာယတန – စသည် ဖြစ်၏။ |

http://www.dhammadownload.com



## ရူပါယတနယမက

| ၁ | ၂ | ၃ |
|---|---|---|
| တဏှာ၏ အာရုံဖြစ်ထိုက်သော ချစ်အပ် သာယာအပ်သော လောကီစိတ်-၈၁၊ စေ-၅၂၊ ရုပ်-၂၈။ | လောကုတ္တရာ ၈-ခု စေ-၃၆၊ နိဗ္ဗာန်။ | ပညတ် |
| ရူပ အာယတန | × အာယတန | × × |

## အုပ်စု(၂)

## ကာယာယတနယမက

| ၁ | ၂ |
|---|---|
| နာမကာယ ရူပကာယ | ပညတ် |
| ကာယ အာယတန | × × |

## အရကောက်

၁။ - အာယတနထိုက်သော စိတ်-၈၉၊ စေ-၅၂၊ နိဗ္ဗာန်ဟုဆိုအပ်သော **နာမကာယ**။
- ရုပ်အဌဝီသဟု ဆိုအပ်သော **ရူပကာယ** ရှ၏။

**သတိ**။ ။ နာမကာယ, ရူပကာယ အရကောက်ပုံ ပဒသောဓနဝါရနှင့် မတူကြောင်းသတိပြု။

## ဓမ္မာယတနယမက

| ၁ | ၂ |
|---|---|
| ပရမတ္ထဓမ္မ | ပညတ် |
| ဓမ္မ အာယတန | × × |

http://www.dhammadownload.com



သတိပြု ။ ။ သုဒ္ဓါယတနဝါရ အနုလုံ၌ အာယတနထိုက်သော ပရမတ္ထတရားသက်သက်ကိုသာ ဟောတော်မူသောကြောင့် ကာယ နှင့် ဓမ္မတို့အရ ပညတ္တိကာယနှင့် ပညတ္တိဓမ္မတို့ကို မကောက် ရကြောင်း သတိပြု။ ပဒသောဓနဝါရ၌ကား ပညတ္တိကာယ, ပညတ္တိဓမ္မတို့လည်း ကာယ, ဓမ္မတို့ အရ ဖြစ်နိုင်၏။

(ဆောင်) - သုဒ္ဓါယတန၊ နုလောမမှာ၊ အာယတနထိုက်လတ်၊ ပရမတ်၊ ဟောအပ်ပါသလေ။
- ထို့ကြောင့် ကာယ၊ ဓမ္မ အရတွင်၊ ပညတ်လျှင်၊ မပါဝင်တော့ပေ။

## ၄။ သုဒ္ဓါယတနမူလစက္ကဝါရ

အနုလောမသည် သုဒ္ဓါယတနဝါရ အနုလောမနှင့် တူ၏။
ပဋိလောမသည် ပဒသောဓန မူလစက္ကဝါရ ပဋိလောမနှင့် တူ၏။

| | | |
|---|---|---|
| သုဒ္ဓါယတနဝါရ အနုလောမ | = | သုဒ္ဓါယတန မူလစက္ကဝါရ အနုလောမ |
| ပဒသောဓနမူလစက္ကဝါရ ပဋိလောမ | = | သုဒ္ဓါယတနဝါရ ပဋိလောမ, သုဒ္ဓါယတနမူလစက္ကဝါရ ပဋိလောမ |

**အာယတနယမိုက် ပဏ္ဏတ္တိဝါရ ပြီး၏။**

---

# ၄။ ဓာတုယမိုက်

## ပဏ္ဏတ္တိဝါရ - ဥဒ္ဒေသ ဟောရိုးစစ်

**ဓာတုဒ္ဒေသ** = အဋ္ဌာရသဓာတုယော
**နာမဝတ္ထာန်** = စက္ခုဓာတု ။ပ။ ကာယဓာတု၊
ရူပဓာတု ။ပ။ ဖောဋ္ဌဗ္ဗဓာတု၊
စက္ခုဝိညာဏဓာတု ။ပ။ မနောဝိညာဏဓာတု၊
ဓမ္မဓာတု

**ပဒသောဓနဝါရ၌-**

"စက္ခု စက္ခုဓာတု၊ စက္ခုဓာတု စက္ခု" စသည်ဖြင့် ဟောပါ။

http://www.dhammadownload.com



**သုဒ္ဓဓာတုဝါရ၌–**

"စက္ခုံ ဓာတု၊ ဓာတူ စက္ခု(စက္ခုဓာတု)" စသည်ဖြင့် ဟောပါ။

**သုဒ္ဓဓာတုမူလစက္ကဝါရ၌ –**

"စက္ခုံ ဓာတု၊ ဓာတူ သောတံ (သောတဓာတု)" စသည်ဖြင့် ဟောပါ။

**ဝါရစသည်ရေတွက်ပုံ**

ပဒသောဓနဝါရ, သုဒ္ဓဓာတုဝါရတို့၌ အနုလုံဝယ်(၁၈)ယမက၊ ပစ္စနိက်ဝယ် (၁၈)ယမက ဖြစ်၍ နယ ၂–ပါး၊ ယမက ၃၆–ပါး ဖြစ်၏။ ပုစ္ဆာ ၇၂–ပါး၊ အတ္ထ ၁၄၄–ပါးစီ ဖြစ်၏။

ပဒသောဓန မူလစက္ကဝါရ, သုဒ္ဓဓာတု မူလစက္ကဝါရ တို့၌ အနုလုံဝယ် (၁၈)မူ၌ မူလီ ၁၇–ခုစီဖြစ်၍ ၃၀၆–ယမက၊ ပစ္စနိက်၌လည်း ထို့အတူ ၃၀၆–ယမက ဖြစ်၏။ ထို့ကြောင့် နယ ၂–ပါး၊ မူ ၃၆–ပါး၊ ယမက ၆၁၂–ပါး၊ ပုစ္ဆာ ၁၂၂၄–ပါး၊ အတ္ထ ၂၄၄၈–ပါးစီ ဖြစ်၏။

ဤသို့လျှင် ဓာတုယမိုက် ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ၌ ဝါရ ၄–ပါး၊ နယ ၈–ပါး၊ မူလ ၇၂–ပါး၊ ယမက ၁၂၉၆–ပါး၊ ပုစ္ဆာ ၂၉၂၉၂–ပါး၊ အတ္ထ ၅၁၈၄–ပါး ဖြစ်သတည်း။

**ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ ပြီး၏။**

---

## ပဏ္ဏတ္တိဝါရ – နိဒ္ဒေသ

### ပဒသောဓနဝါရ

**အုပ်စုခွဲပုံ**

__ပဉ္စဝေါကာရပဝတ္တိအခါ__ အရူပဝိပါက်လေးခုမှတစ်ပါး မဂ်ကင်းသော စိတ်(၈၁)ခု၊ စေ ၅၂၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ပု ၄–ယောက်၊ ဖ –၄။ __စတုဝေါကာရပဝတ္တိအခါ__ လောဘမူ, မောဟမူ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ, အရူပစိတ်–၁၂ ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညာ ကြဉ်သော စေ ၄၃–ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆို အပ်သော တိ–ပု၊ ဖ–၄ ရ၏။

**နိုက် နှစ်ဖက်ရ** – သဗ္ဗေသံ စဝန္တာနံ ကောက်မြဲ။

ပဝတ္တိအခါ ပဋိသန္ဓေမှ စ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အရိယာ ရှစ်ယောက်။ အရူပေ ဖလဿ ဆက်ကောက်။

## သမုဒယမူ + မဂ္ဂမူလီ

လုံ အနု – နော။ [ ၂ ]
လုံ ပဋိ – နော။ [ ၃ ]
နိုက် နှစ်ဖက်ရ – သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ [ ၅(က) + ၆ ပဉ္စ–စတု စဝန္တ ]
တဏှာဝိပ္ပယုတ္တ မဂ္ဂဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ [ ၁ စတု–ပဉ္စ ဥ + ၄ + ၅(ခ)]
**နိရောဓသမာပန္နာနံ** [ ၇ ] အသညသတ္တာနံ [ ၁ အသည ဥ + ၆ အသည စ ]

## အရကောက်

**လုံ အနု** – လောဘမူစိတ်ရှစ်ခု၊ စေတသိက်ဖာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ပု–၄၊ အောက်ဖ – ၃။ (ပဉ္စ, စတု တို့ကို ပေါင်းကောက်၊ စိတ္တဇရုပ်တို့ကို ချန်၍ကောက်။)

**လုံ ပဋိ** – မဂ်စိတ် လေးခု၊ စေ ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်။ (ပဉ္စ, စတု တို့ကို ပေါင်းကောက်၊ စိတ္တဇရုပ်တို့ကို ချန်၍ကောက်။)

http://www.dhammadownload.com



မှတ်ချက်။ – 'နိရောဓသမာပန္န' ကို ပုဂ္ဂလဝါရ သမုဒယမူ မဂ္ဂမူလီ (ပစ္စနိက်)၌သာ ဟော၏။ ဒုက္ခမူ၌ မဟော၊ သီးခြားဘုံမရှိသောကြောင့် ပုဂ္ဂလောကာသ၌လည်း မဟော။

– ပုဂ္ဂလောကာသဝယ် ဘုံသတ်ရာ၌ "စတုဝေါကာရ (အရူပ) ၄–ဘုံ၊ ပဉ္စဝေါကာရ ၂၆–ဘုံ" စသည်ဖြင့် ရထိုက်သည်အားလျော်စွာ ဘုံသတ်ပါ။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ အပါယ် ၄–ဘုံကို ကြဉ်၍ ဘုံသတ်ပါ။

---

## ဩကာသဝါရ

| ၁ | ၂ | ၃ |
|---|---|---|
| အသညသတ်ဘုံ | အပါယ် ၄–ဘုံ | ကြွင်း – စတုဝေါ<br>ပဉ္စဝေါ |
| ဒုက္ခ ဒုက္ခ, သမုဒယ | | ဒုက္ခ, သမုဒယ, မဂ္ဂ |

၁။ အသညသတ္တေ တတ္ထ = ရူပက္ခန္ဓာ၏ သာ ဖြစ်ရာဖြစ်သော အသညသတ်ဘုံ။

၂။ အပါယေ တတ္ထ = လောကီခန္ဓာ ၅–ပါး၏ ဖြစ်ရာဖြစ်သော အပါယ် ၄–ဘုံ။

၃။ အဝသေသေ စတုဝေါကာရေ ပဉ္စဝေါကာရေ တတ္ထ = လောကီ, လောကုတ္တရာ ခန္ဓာ ၄–ပါး, ၅–ပါး၏ ဖြစ်ရာဖြစ်သော စတုဝေါကာရ ၄–ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂–ဘုံ။

၂+၃။ စတုဝေါကာရေ ပဉ္စဝေါကာရေ တတ္ထ = နာမက္ခန္ဓာ ၄–ပါး၏ ဖြစ်ရာဖြစ်သော စတုဝေါကာရ ၄–ဘုံ၊ ခန္ဓာ ၅–ပါး ၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ ၂၆–ဘုံ။ (ခန္ဓယမိုက် အတိုင်း)

၁+၂။ ကို 'အပါယေ၊ အသညသတ္တေ တတ္ထ' ဟု ထုတ်။

ဒုက္ခသစ္စာမူ ပစ္စနိက်၌ နတ္ထိ၊ ဥပ္ပဇ္ဇတိ – ဟု ထုတ်။

http://www.dhammadownload.com



## ဥပ္ပါဒ
## အတီတ – ပုဂ္ဂလဝါရ

| ၁ | ၂ |
|---|---|
| အစမထင် သံသရာ.....န ဒ မ ပ ဥ န ဂေါ မ<br>အနဘိသမေတာဝီနံ | ဖ မ ဖ မ ဖ မ ဖ .....စု<br>အဘိသမေတာဝီနံ |
| ဒုက္ခ, သမုဒယ | ဒုက္ခ, သမုဒယ, မဂ္ဂ |

### အနက်

အနဘိသမေတာဝီနံ၊ သစ္စာလေးပါး တရားတို့ကို သိဖူးပြီးသော အဖြစ်သို့ မရောက်ကုန်သေးသော။ တေသံ၊ တို့အား။

အဘိသမေတာဝီနံ၊ သစ္စာလေးပါး တရားတို့ကို သိဖူးပြီးသောအဖြစ်သို့ ရောက်ကုန်ပြီးသော။ တေသံ၊ တို့အား။

### အရကောက်

၁။ အစမထင်သံသရာမှ စ၍ သောတာပတ္တိမဂ်တိုင်အောင် သစ္စာလေးပါး တရားတို့ကို သိဖူးပြီးသော အဖြစ်သို့ မရောက်ကုန်သေးသော ပုထုဇဉ် ၄–ယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

၂။ သောတာပတ္တိမဂ္ဂါနန္တရဖိုလ်မှ စ၍ ပစ္ဆိမစိတ်တိုင်အောင် သစ္စာလေးပါး တရားတို့ကို သိဖူးပြီးသောအဖြစ်သို့ ရောက်ကုန်ပြီးသော အထက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄–ယောက်။

၁+၂။ ခပ်သိမ်းသော ပုထုဇဉ် ၄–ယောက်၊ အရိယာပုဂ္ဂိုလ် ၈–ယောက်။

http://www.dhammadownload.com



## အတိတ-ပုဂ္ဂလောကာသဝါရ

### ဒုက္ခသစ္စမူ+ သမုဒယသစ္စမူလီ

| ဘုံ | ၁ | ၂ | ၃ |
|---|---|---|---|
| | × | ဒုက္ခ | ဒုက္ခ၊ သမုဒယ |
| သုဒ္ဓါဝါသ | ပဋိ | ဘွင် ၁၅ မံ ၈ | ၈ ၈ ၈ ၈ ၈ ၈......................စု |
| ကြွင်း စတု,ပဥ္စ | | | ပဋိ..............................စု |
| အသညာ | | ဥ+စ | |

**ဝိဘင်း** - ၁။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

၂။ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံ တတ္ထ။

၃။ ဣတရေသံ စတုဝေါကာရာနံ ပဥ္စဝေါကာရာနံ တေသံ တတ္ထ။

**အနက်** - ဒုတိယေ၊ နှစ်ခုမြောက်သော။ စိတ္တေ၊ ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်စိတ်သည်။ ဝတ္တမာနေ၊ ဖြစ်လတ်သော်။ သုဒ္ဓါဝါသာနံ၊ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။ အသညသတ္တာနံ၊ အသညသတ်ဘုံ၌ ဖြစ်ကုန်သော။ တေသံ၊ တို့အားလည်းကောင်း။ တတ္ထ၊ ထိုသုဒ္ဓါဝါသဘုံ, အသညသတ်ဘုံ၌။

- ဣတရေသံ၊ သုဒ္ဓါဝါသဘုံ၌ ဒုတိယစိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှ တစ်ပါးကုန်သော။ စတုဝေါကာရာနံ၊ တို့အားလည်းကောင်း။ ပဥ္စဝေါကာရာနံ၊ တို့အားလည်းကောင်း။

### အရကောက်

၁။ ရူပါဝစရ ပဋိသန္ဓေတစ်ခု၊ စေတသိက် ၁၁တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖိုလ်ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ၌။

၂။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသဒုတိယစိတ်ဟု ဆိုအပ်သော ဘဝင် တစ်ဆယ်ငါးချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပဌမဇော၊ ဤ တဆယ့်ရှစ်ချက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖိုလ်ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။ အသညသတ်.......အသညသတ်ဘုံ။

၃။ သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင်၊ ကြွင်းသော စတုဝေါကာရ ပဥ္စဝေါ ကာရ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အရိယာရှစ်ယောက်တို့အား စတုဝေါကာရလေးဘုံ၊ ပဥ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံ။

http://www.dhammadownload.com



## အတီတ-ပုဂ္ဂလောကာသဝါရ
## ဒုက္ခ, သမုဒယမူ + မဂ္ဂမူလီ

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| ဘုံ | × | ဒုက္ခ | ဒုက္ခ၊ သမုဒယ | ဒုက္ခ၊ သမု၊ မဂ္ဂ |
| သုဒ္ဓါဝါသ | ပဋိ<br>ပဋိ | ဒု ဘွင် ဘွင် ...(၁၆) မ ဇ<br>ဘွင် ဘွင် ...(၁၆) မ ဇ | ဒု အကု ဇ ဇ ဇ ဇ ဇ ဇ......................စု<br>အရဟ ဇ ဇ ဇ ဇ ဇ ဇ......................မဂ် | အရဟ ဖ ဖ ဘွင်.......စု |
| ကြွင်း စတု,ပဉ္စ | | (အစစ်) ထိုဘဝ၌ မဂ်ကို | မရသသူ - ပဋိ......................စု<br>ရသသူ - ပဋိ...............သောမဂ် | မိမိဖြစ်ခိုက်ဘုံသော၌ ရှေး... ရဘူး-ပဋိ...စု |
| | | (အတု) တစ်ပါးဘုံက -မဂ် ရ, မိမိ... | -မရသသူ - ပဋိ......................စု<br>ရသသူ - ပဋိ.........သ, နာ, ရ မဂ် | ဤဘဝတွင်မှသာရ- ဖ မဖ မဖ မဖ ...စု |
| အသည | | ဥ + ဓ | အနဘိသမေတာဝီ | အဘိသမေတာဝီ |

### ဖယားရှင်းချက်

**သုဒ္ဓါဝါသပုဂ္ဂိုလ်သည်** ၁။ ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူ
၂။ ထိုဘဝ၌ အရဟတ္တမဂ်ကို ရသသူ-ဟု ၂-မျိုးရှိ၏။ **(ဖယား ၃ အပေါ်)**

**ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်သည်** အနဘိသမေတာဝီ, အဘိသမေတာဝီ-ဟု ၂.-မျိုးရှိ၏။

ထိုတွင် အနဘိသမေတာဝီပုဂ္ဂိုလ်သည် အစစ်, အတု-ဟူ၍ ၂-မျိုးရှိပြန်ရာ **အနဘိသမေတာဝီ အစစ်သည်-**

၁။ ထိုဘဝ၌ မဂ်ကို မရသသူ
၂။ ထိုဘဝ၌ မဂ်ကို ရသသူ-ဟု ၂-မျိုးရှိ၏။ **(ဖယား ၃ အောက်)**

**အနဘိသမေတာဝီ အတုသည်လည်း-**

၁။ တစ်ပါးဘုံက မဂ်ကို ရ, မိမိဖြစ်ခိုက်ဘုံ၌ မဂ်ကို မရသသူ။
၂။ ။ ။ မဂ်ကို ရသသူ-ဟူ၍ ၂-မျိုး ရှိပြန်၏။
**(ဖယား ၃ အောက်)**

**အဘိသမေတာဝီပုဂ္ဂိုလ်သည်လည်း-**

၁။ မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝက မဂ်ကို ရဖူးသသူ။
၂။ ဤဘဝတွင်မှသာ မဂ်ကို ရသသူ-ဟု ၂-မျိုးရှိ၏။ **(ဖယား ၄)**

**(ဖယား ၄ အပေါ်ကွက်ရှိ သုဒ္ဓါဝါသပုဂ္ဂိုလ်သည်လည်း အဘိသမေတာဝီ ဖြစ်ကြောင်း သတိပြုပါ။)**

အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့အား လျော်စွာ တရားအပုံများကို ခွဲခြားပုံထားကြောင်း သိကြပါလေ။

http://www.dhammadownload.com



## ဒုက္ခမူ မဂ္ဂမူလီ ဝိဘင်း

လုံ အနု၊ နိုက် ပဋိ တစ်ဖက်ရ - သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အနဘိသမေတာဝီနံ, အသညသတ္တာနံ တေသံ တတ္ထ။

လုံ ပဋိ၊ နိုက် အနု - အာမန္တာ။

လုံ အနု နှစ်ဖက်ရ - အဘိသမေတာဝီနံ တေသံ တတ္ထ။

နိုက် နှစ်ဖက်ရ - သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

## အရကောက်

**လုံ၊ အနု တစ်ဖက်ရ** - သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသဒုတိယ စိတ်ဟု ဆိုအပ်သော **ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊** ဒုတိယဘဝင်မှစ၍ စုတိတိုင်အောင်, **ရသသူဖြစ်အံ့၊** ဒုတိယဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖုလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။ **(သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ)**။

ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား **ထိုဘဝ၌ မဂ်ကို မရသသူဖြစ်အံ့၊** ပဋိ သန္ဓေမှစ၍ စုတိတိုင်အောင်, **ရသသူဖြစ်အံ့၊** ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်တစ်ဘုံ။ **(အနဘိသမေတာဝီနံ-အစစ်)**။

''တစ်ပါးဘုံကပင် အောက်မဂ်ကို ရခြားသော်လည်း မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရဖူးသေးသောကြောင့် 'တတ္ထ အနဘိသမေတာဝီ' မည်ကောင်းသောပုဂ္ဂိုလ်တို့တွင်'' **တစ်ပါးဘုံက သောတာပတ္တိမဂ်ကို ရ၍ မိမိဖြစ်ခိုက်သော ဘုံ၌ သကဒါဂါမိမဂ်ကို မရသသူဖြစ်အံ့၊** ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, **ရသသူဖြစ်အံ့၊** ပဋိသန္ဓေမှ စ၍ သကဒါဂါမိမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ သက ဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။

တစ်ပါးဘုံက သကဒါဂါမိမဂ်ကို ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အနာဂါမိမဂ်ကို မရသသူဖြစ်အံ့၊ ပဋိ သန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အနာဂါမိမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

တစ်ပါးဘုံက အနာဂါမိမဂ်ကို ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ ပဋိ သန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ။ **(အနဘိသမေတာဝီနံ-အတု ၃-မျိုး)**။ (နောက်ဆုံးအတု၌ သုဒ္ဓါဝါသ ပါဝင်နိုင်သော်လည်း ဝိဘင်းသီးခြားထုတ်၍ အရကောက်ထားပြီးဖြစ်သောကြောင့် ၄င်းကို ကြဉ်၍ ဘုံသတ်ရခြင်း ဖြစ်သည်။) အသညသတ်.......အသညသတ်ဘုံ ရ၏။

**လုံ၊ အနု နှစ်ဖက်ရ** - သုဒ္ဓါဝါသဖြစ်အံ့၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တ ယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

http://www.dhammadownload.com



ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား **မိမိဖြစ်ခိုက်သောဘုံ၌ ရေးဘဝက မဂ်ကို ရှုံးသသူဖြစ်အံ့** ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင်, **ဤဘဝတွင်မှသာ ရသသူဖြစ်အံ့** ရစ, သော မဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင်, ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အထက်မဂ္ဂဋ္ဌာန် သုံးယောက်၊ ဖလဋ္ဌာန် လေးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ်ဘုံလည်း ရ၏။ [သုဒ္ဓါဝါသ အဘိသမေတာဝီ၊ ကြွင်း စတုဝေါကာရ ပဉ္စဝေါကာရ အဘိသမေတာဝီ–ဟု အဘိသမေတာဝီ ၂–မျိုးရှိကြောင်း သိပါ။]

## သမုဒယမူ မဂ္ဂမူလီ ဝိဘင်း

| | |
|---|---|
| လုံ အနု၊ နိုက် ပဋိ တစ်ဖက်ရ | –သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ, အနဘိသမေတာဝီနံ တေသံ တတ္ထ။ |
| လုံ ပဋိ၊ နိုက် အနု | – အာမန္တာ။ |
| လုံ နှစ်ဖက်ရ | – အဘိသမေတာဝီနံ တေသံ တတ္ထ။ |
| နိုက် နှစ်ဖက်ရ | – သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံ တတ္ထ။ |

### အနက်

ဒုတိယေ၊ နှစ်ခုမြောက်သော။ အကုသလေ၊ အကုသိုလ်ဖြစ်သော။ စိတ္တေ၊ စိတ်သည်။ ဝတ္တမာနေ၊ ဖြစ်လတ်သော်။ သုဒ္ဓါဝါသာနံ၊ ကုန်သော။ တေသံ၊ တို့အားလည်းကောင်း။ (အကြွင်းကို ပေးမြဲ)။

### အရကောက်

**လုံ အနု၊ နိုက် ပဋိ တစ်ဖက်ရ** –သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ဒုတိယဇောဟု ဆိုအပ်သော မုချဒုတိယ အကုသိုလ်စိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသဒုတိယစိတ်ဟု ဆိုအပ်သော **ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့** တတိယဇောမှ စ၍ စုတိတိုင်အောင်, **ရသသူဖြစ်အံ့** တတိယဇောမှ စ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကို မရသသူဖြစ်အံ့၊ .....။ (ဒုက္ခနှင့် မဂ္ဂသန္နိဋ္ဌာန် သံသယအတိုင်း ဆက်ကောက်ပါ)။

**ပစ္စနိုက် နှစ်ဖက်ရ** – သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာ, မဂ္ဂသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ပဋိသန္ဓေ၊ ဘဝင်တစ်ဆယ့်ငါးချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပဌမဇော။ ဤ တစ်ဆယ့်ကိုးချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ၊ အသညသတ်........ အသညသတ်ဘုံ။

http://www.dhammadownload.com



## မုချ ဒုတိယစိတ်နှင့် တံသဒိသ ဒုတိယစိတ်များ

## (မူလ+မူလီအားလျော်စွာ)

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်သည် မုချဒုတိယစိတ်၊

ထိုစိတ်နှင့် သမုဒယသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် ဘဝင်တဆယ့်ငါးချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပဌမဇော၊ ဤ တဆယ့်ခုနစ်ချက်သောစိတ်တို့သည် တံသဒိသ ဒုတိယစိတ်။ **(ဒုက္ခမူ+သမုဒယမူလီ)**။

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်သည် မုချဒုတိယစိတ်၊

ထိုစိတ်နှင့် မဂ္ဂသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် **ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့**၊ ဒုတိယဘဝင်မှစ၍ စုတိတိုင်အောင်, **ရသသူဖြစ်အံ့**၊ ဒုတိယဘဝင်မှစ၍ **အရဟတ္တမဂ်**တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့သည် တံသဒိသ ဒုတိယစိတ်။ **(ဒုက္ခမူ+မဂ္ဂမူလီ)**။

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်သည် မုချဒုတိယစိတ်၊

ထိုစိတ်နှင့် သမုဒယသစ္စာ, မဂ္ဂသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် ပဋိသန္ဓေ၊ ဘဝင် တစ်ဆယ့်ငါးချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပဌမဇော၊ ဤတစ်ဆယ့်ရှစ်ချက် သောစိတ်တို့သည် တံသဒိသဒုတိယစိတ်။ **(သမုဒယမူ+ မဂ္ဂမူလီ)**။

## မုချ ဒုတိယအကုသိုလ်စိတ်နှင့် တံသဒိသဒုတိယစိတ်

သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ဒုတိယဇောသည် မုချဒုတိယ အကုသိုလ်စိတ်၊

ထိုစိတ်နှင့် မဂ္ဂသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် **ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့**၊ တတိယဇောမှ စ၍ စုတိတိုင်အောင်, **ရသသူဖြစ်အံ့**၊ တတိယဇောမှ စ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက် သောစိတ်တို့သည် တံသဒိသဒုတိယစိတ်။ **(သမုဒယမူ+မဂ္ဂမူလီ)**။

http://www.dhammadownload.com



## ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါရ

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| | ဒုက္ခ၊ သမုဒယ၊ မဂ္ဂ | ဒုက္ခ၊ မဂ္ဂ | ဒုက္ခ | × |
| မဂ်ကို ရလတ္တံ့ | (က) | အဆုံးစွန် တဏှာ ↓ | | |
| | အစမထင် ..... ဧဧဧဧဧဧ | ဧ မဖမဖမဖ ပဥနုဝေါ | မဖဖ | စု (ပစ္ဆိမစိတ်) |
| | အစမထင် .....မဖ ဧဧဧဧဧဧ | ဧ မဖမဖ ပဥနုဝေါ | မဖဖ | စု ။ |
| | အစမထင် .....မဖမဖ ဧဧဧဧဧဧ | ဧ မဖ ပဥနုဝေါ | မဖဖ | စု ။ |
| | အစမထင် .....မဖမဖမဖဧဧဧဧဧဧ | ဧ ပဥနုဝေါ | မဖဖ | စု ။ |
| မရလတ္တံ့ | (ခ) မကျွတ်ထိုက်သော ပု (ဒုက္ခ၊ သမုဒယ) | | | |

### ဝိဘင်း

(၁) (က) ယေ ပုထုဇ္ဇနာ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ (ခ) ယေ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။

(၁) (က + (ခ) ဣတရေသံ တေသံ။

(၁) (က) + (၂) ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။

(၁) (ခ) + (၃) အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။

(၃) အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ။

(၂) + (၃) အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။

(၄) ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ။

### ယေဘုယျ ရှင်းလင်းချက်

ပုဂ္ဂိုလ်သည် (၁) မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်၊ (၂) မဂ်ကို မရလတ္တံ့သော ပုဂ္ဂိုလ်–ဟု ၂–မျိုးရှိ၏။ ထိုတွင် မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်သည်–

(၁) တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သော ပုဂ္ဂိုလ်၊ (၂) သောတာပန်ဖြစ်ပြီးမှ တဏှာခြား၍ အထက်မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်၊ (၃) သကဒါဂါမ်ဖြစ်ပြီးမှ တဏှာခြား၍ အထက်မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ် (၄) အနာဂါမ်ဖြစ်ပြီးမှ တဏှာခြား၍ အထက်မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်–ဟူ၍ ၄–မျိုး ပြားပြန်၏။

ထိုပုဂ္ဂိုလ်တို့ကို (၁) (က) အစမထင် သံသရာမှစ၍ အဆုံးစွန် တဏှာ၏ အနန္တရတိုင်အောင် တစ်ပုံ၊ (၁) (ခ) မဂ်ကို မရလတ္တံ့ မကျွတ်ထိုက်သော ပုထုဇဉ် တစ်ပုံ၊ (၂) အဆုံးစွန် တဏှာမှ စ၍ အရဟတ္တမဂ်၏ ရှေ့ ဝေါဒါန်တိုင်အောင် တစ်ပုံ၊ (၃) အရဟတ္တမဂ်မှ စ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် တစ်ပုံ၊ (၄) ပစ္ဆိမစိတ် တစ်ပုံဟု (၄)ပုံ ခွဲခြားပြီး ပုံထားခြင်း ဖြစ်သည်။

### ဒုက္ခသစ္စမူ + သမုဒယသစ္စမူလီ ဝိဘင်း

<u>လုံ၊ အနု, နိုက် ပဋိ တစ်ဖက်ရ</u>– အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ (၂+၃)။

<u>လုံ၊ အနု နှစ်ဖက်ရ</u>– ဣတရေသံ တေသံ။ (၁–က + ခ)

<u>လုံ၊ ပဋိ, နိုက်၊ အနု</u> – အာမန္တာ။

<u>နိုက် ပဋိ နှစ်ဖက်ရ</u> – ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ။

http://www.dhammadownload.com



**အနက်** – အဂ္ဂမဂ္ဂသမင်္ဂီနံ၊ အရဟတ္တမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အားလည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့အားလည်းကောင်း။ ယဿ စိတ္တဿ၊ အကြင်ဝေါဒါန်စိတ်၏။ အနန္တရာ၊ အခြားမဲ့၌။ အဂ္ဂမဂ္ဂံ၊ အရဟတ္တမဂ်ကို။ ပဋိလဘိဿန္တိ၊ ရကုန်လတ္တံ့။ တေန၊ ထိုဝေါဒါန်စိတ်နှင့်။ သမင်္ဂီနံ၊ ပြည့်စုံကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။ [ပြည့်စုံအောင်ပေးပုံ–ယဿ စိတ္တဿ၊ ၏။ အနန္တရာ၊ ၌။ ယေ ပုဂ္ဂလာ၊ အကြင်အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်။ အဂ္ဂမဂ္ဂံ၊ ကို။ ပဋိလဘိဿန္တိ၊ ကုန်လတ္တံ့။ တေန၊ နှင့်။ သမင်္ဂီနံ၊ ကုန်သော။ တေသံ၊ ထိုအနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား လည်းကောင်း။]

ပစ္ဆိမစိတ္တသမင်္ဂီနံ၊ ပစ္ဆိမစိတ်နှင့် ပြည့်စုံကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။

### အရကောက်

**လုံ၊ အနု တစ်ဖက်ရ –**

အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ **ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်** ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊

အရဟတ္တမဂ်၏ ရှေး **ဝေါဒါန်**၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊

တဏှာ မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော **ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်။**

သောတာပန်ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော .....ဟုဆိုအပ်သော **သောတာပတ္တိဖလဋ္ဌာန်၊ အလယ်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အလယ်ဖလဋ္ဌာန် နှစ်ယောက်၊**

သကဒါဂါမ်ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော .....ဟုဆိုအပ်သော **သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိ မဂ္ဂဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်။**

အနာဂါမ်ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော.....ဟု ဆိုအပ်သော **အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်**ရ၏။

**လုံ၊ အနု နှစ်ဖက်ရ –**

တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အစမထင် သံသရာမှစ၍ အဆုံး စွန်သောတဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော **ကျွတ်ထိုက်သော ပုထုဇဉ်။**

သောတာပန်ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှစ၍ အဆုံးစွန်သောတဏှာ၏ အနန္တရတိုင် အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော **ကျွတ်ထိုက်သော ပုထုဇဉ်။ သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။**

သကဒါဂါမ် ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှစ၍ .....ဟု ဆိုအပ်သော **ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အောက်ဖလဋ္ဌာန် နှစ်ယောက်၊**

အနာဂါမ်ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှစ၍ .....ဟု ဆိုအပ်သော **ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်။**

မဂ်ကို မရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။

http://www.dhammadownload.com



**ပစ္စနိက် နှစ်ဖက်ရ** – တိဟိတ်စုတိ တေရသ၊ စေတသိက် ပဉ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

**ဒုက္ခသစ္စမူ + မဂ္ဂသစ္စမူလီ ဝိဘင်း**

လုံ အနု, နိုက် ပဋိ တစ်ဖက်ရ – အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, (၃)။
ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။ (၁–ခ)။

လုံ အနု နှစ်ဖက်ရ – ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ (၂)။
ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ (၁–က.)။

လုံ ပဋိ, နိုက် အနု – အာမန္တာ။

နိုက် ပဋိ နှစ်ဖက်ရ – ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ။

**အနက်** – အညေ၊ ဝေါဒါန်စိတ်၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်မှ တစ်ပါးကုန်သော။ ယေ စ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း။ မဂ္ဂံ၊ မဂ်ကို။ ပဋိလဘိဿန္တိ၊ ရကုန်လတ္တံ့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။

**အရကောက်**

**လုံ၊ အနု တစ်ဖက်ရ** – အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ ကောက်ပြီ။
မဂ်ကို မရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။

**လုံ၊ အနု နှစ်ဖက်ရ** – အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်၊ အဆုံးစွန်သော တဏှာမှ စ၍ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်။

**သမုဒယသစ္စမူ + မဂ္ဂသစ္စမူလီ ဝိဘင်း**

လုံ၊ အနု, နိုက် ပဋိ တစ်ဖက်ရ – ယေ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။ (၁–ခ)

လုံ၊ အနု နှစ်ဖက်ရ – ယေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ (၁–က)

လုံ၊ ပဋိ၊ နိုက်၊ အနု တစ်ဖက်ရ – ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ (၂)

နိုက် အနု, ပဋိ နှစ်ဖက်ရ – အဂ္ဂမဂ္ဂသမင်္ဂီနံ. အရဟန္တာနံ တေသံ။ (၃ + ၄)

**သတိပြု**။ ။ ၃–နှင့် ၄–ကို ပေါင်း၍ ''အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ'' ဟု ထုတ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဒုက္ခသစ္စမူ+သမုဒယသစ္စမူလီ တစ်ဖက်ရပါ 'အရဟန္တာနံ' နှင့် မတူကြောင်း သတိပြုပါ။

**အရကောက်**

**လုံ၊ အနု တစ်ဖက်ရ** – မဂ်ကို မရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။

**လုံ၊ အနု နှစ်ဖက်ရ** – တဏှာ မခြားဘဲ မဂ်လေးတန်ကို ကို ရလတ္တံ့သော သူဖြစ်အံ့၊ အစမထင်.....ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်။

http://www.dhammadownload.com



**လုံ၊ ပဋ္ဌိ၊ နိုက်၊ အနု တစ်ဖက်ရ** – အရဟတ္တမဂ်၏ ရှေး ဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ တဏှာ မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ ..... အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်။

**နိုက် နှစ်ဖက်ရ** – အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှ စ၍ **ပစ္ဆိမစိတ်တိုင်အောင်** ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

**ယဿ စိတ္တဿ အနန္တရာ–၌ 'ယဿ စိတ္တဿ'အရ မုချ၊ ဥပစာကောက်**

ယဿ စိတ္တဿ–အရ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်ကို မုချအားဖြင့် ရ၏။ အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင်သောစိတ်တို့ကို ဝေါဒါန်နှင့် အရဟတ္တမဂ်ကို ရလတ္တံ့ဖြစ်ခြင်းအားဖြင့် တူသောကြောင့် သဒိသူပစာအားဖြင့် ကောက်ယူရ၏။ (အရကောက်ပုံကို သတိပြု)။

---

## နိရောဓ
## အနာဂတ ပုဂ္ဂလဝါရ

ဤဝါရကို ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါရ ဇယားကိုပင် ကြည့်၍ သက်ဆိုင်ရာ သစ္စာများ ချုပ်လတ္တံ့ကို ခဏ ငယ် တစ်ချက် ရှေ့သို့တိုး၍ **"အဆုံးစွန်သောတဏှာ၏ဥပါဒ်, အရဟတ္တမဂ်၏ဥပါဒ်, ပစ္ဆိမစိတ်၏ဥပါဒ်"** တိုင်အောင် ပိုင်းပြီး သန္နိဋ္ဌာန်, သံသယ ရာကာ ဝိဘင်းထုတ်ကြ, အရကောက်ကြရမည်။

**ဥပမာ** – ဒုက္ခ, သမုဒယ, နိရောဓ ၃–ပါးလုံး ချုပ်လတ္တံ့ကို အဆုံးစွန်သော တဏှာ၏ ဥပါဒ်တိုင်အောင် ပိုင်းရမည်။ ဒုက္ခ, မဂ္ဂ ၂–ပါးချုပ်လတ္တံ့ဆိုလျှင် အရဟတ္တမဂ်၏ ဥပါဒ်တိုင်အောင် ပိုင်းရမည်။ ဒုက္ခသစ္စာ ချုပ်လတ္တံ့ ဆိုလျှင် ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏတိုင်အောင် ပိုင်းရမည်။

**ဒုက္ခမူ သမုဒယမူလီ ဝိဘင်း**

| | | |
|---|---|---|
| လုံ အနု, ပဋ္ဌိ၊ နိုက် အနု, ပဋ္ဌိ တစ်ဖက်ရ | – | ဥပ္ပါဒနှင့် တူ၏။ |
| နိုက် ပဋ္ဌိ နှစ်ဖက်ရ | – | ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ |

**ဒုက္ခမူ မဂ္ဂမူလီ ဝိဘင်း**

| | | |
|---|---|---|
| လုံ အနု, နိုက် ပဋ္ဌိ တစ်ဖက်ရ | – | အဂ္ဂမဂ္ဂဿ ဘင်္ဂက္ခဏေ, အရဟန္တာနံ, ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။ |
| လုံ အနု နှစ်ဖက်ရ | – | အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ |
| လုံ၊ ပဋ္ဌိ, နိုက်၊ အနု | – | အာမန္တာ။ |
| နိုက်၊ ပဋ္ဌိ နှစ်ဖက်ရ | – | ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ |

http://www.dhammadownload.com



**သမုဒယမူ + မဂ္ဂမူလီ ဝိဘင်း**

| | | |
|---|---|---|
| လုံ အနု, နိုက် ပဋိ တစ်ဖက်ရ | – | ယေ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။ |
| လုံ အနု, ပဋိ နှစ်ဖက်ရ | – | ယေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ |
| လုံ ပဋိ, နိုက် အနု တစ်ဖက်ရ | – | အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ |
| နိုက် အနု, ပဋိ နှစ်ဖက်ရ | – | အဂ္ဂဿ ဘင်္ဂက္ခဏေ, အရဟန္တာနံ တေသံ။ |

---

## ဥပ္ပါဒနိရောဓ
## အနာဂတ ပုဂ္ဂလဝါရ

ဤဝါရကို အနာဂတ ပုဂ္ဂလဝါရ ဖယေားကိုပင် ကြည့်၍ သန္နိဋ္ဌာန်, သံသယတရားများ ရှာပြီး နည်းမှီ၍ ဟောကြ ဆိုကြပါလေ။

**ဒုက္ခသစ္စမူ + သမုဒယသစ္စမူလီ ဝိဘင်း**

ဥပ္ပါဒ အနာဂတဝါရနှင့် အားလုံး တူ၏။

**ဒုက္ခသစ္စမူ + မဂ္ဂသစ္စမူလီ ဝိဘင်း**

| | | |
|---|---|---|
| လုံ အနု, နိုက် ပဋိ တစ်ဖက်ရ | – | အဂ္ဂမဂ္ဂဿ ဘင်္ဂက္ခဏေ, အရဟန္တာနံ, ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။ |
| လုံ အနု နှစ်ဖက်ရ | – | ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ |
| လုံ ပဋိ, နိုက် အနု | – | အာမန္တာ။ |
| နိုက် ပဋိ နှစ်ဖက်ရ | – | ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ။ |

**သမုဒယသစ္စမူ + မဂ္ဂသစ္စမူလီ ဝိဘင်း**

| | | |
|---|---|---|
| လုံ၊ အနု, နိုက် ပဋိ တစ်ဖက်ရ | – | ယေ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။ |
| လုံ၊ အနု နှစ်ဖက်ရ | – | ယေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ |
| လုံ၊ ပဋိ၊ နိုက်၊ အနု တစ်ဖက်ရ | – | အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ |
| နိုက် အနု, ပဋိ နှစ်ဖက်ရ | – | အဂ္ဂမဂ္ဂဿ ဘင်္ဂက္ခဏေ, အရဟန္တာနံ တေသံ။ |

http://www.dhammadownload.com



## ဥပ္ပါဒ အနာဂတ ပုဂ္ဂလောကာသဝါရ

### ဒုက္ခသစ္စမူ + သမုဒယသစ္စမူလီ

| | ၁ | ၂ | ၃ |
|---|---|---|---|
| | ဒုက္ခ၊ သမုဒယ | ဒုက္ခ | × |
| ဖိုလ်သမာပတ်(အရိယာ) | ပဋိ..... ဓဓဓဓဓဓ | ဓ မဖမဖမဖ ပဉနဝေါ မဖဖ | စု (ပစ္ဆိမစိတ်) |
| | ပဋိ..... မဖ ဓဓဓဓဓဓ | ဓ မဖမဖ ပဉနဝေါ မဖဖ | စု ။ |
| | ပဋိ..... မဖမဖ ဓဓဓဓဓဓ | ဓ မဖ ပဉနဝေါ မဖဖ | စု ။ |
| | ပဋိ..... မဖမဖမဖ ဓဓဓဓဓဓ | ဓ ပဉနဝေါ မဖဖ | စု ။ |
| မဖြစ်ပြန် (အဝေ) | ပဋိ..... ဓဓဓဓ | လောဘမူ မရထာသန္တီရဏ ဓ ရုံရုံဘွင် | စုတိ |
| | ပဋိ..... ဓဓဓဓဓဓ | အဆုံးစွန်တဇော → ဒေါ, ဇော, မဟာကု မရထာသန္တီရဏ ဓ ဓဓဓဓဓ ရုံရုံဘွင် | စုတိ |
| ဖြစ်ပြန် | ပဋိ.........................................စု | ဖြစ်ပြန် အသည် | မဖြစ်ပြန် အသည် |

**ဘုံသတ်နည်း**

(ဆောင်) – အပါယိက စစ် မရ။ အကနိဋ္ဌ တု မရ။ – ဖြစ်ပြန်ကောင်းကို၊ မရဆို၊ ပုဂ္ဂိုလ် သုဒ္ဓါဝါ။

**ယေား ရှင်လင်းချက်**

အသညသတ်ပုဂ္ဂိုလ်သည် –

(၁) ဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်

(၂) မဖြစ်ပြန်ကောင်းပုဂ္ဂိုလ်–ဟု ၂–မျိုး ရှိ၏။

စတုဝေါကာရ, ပဉ္စဝေါကာရပုဂ္ဂိုလ်သည် –

(၁) ပစ္ဆိမဘဝိကပုဂ္ဂိုလ်၊

(၂) မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းပုဂ္ဂိုလ် (ပစ္ဆိမဘဝိက အတု)၊

(၃) မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်–ဟု ၃–မျိုးရှိ၏။

ထိုတွင် နံပါတ် (၁) 'ပစ္ဆိမဘဝိကပုဂ္ဂိုလ်'သည် –

(က) တဏှာ မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောပုဂ္ဂိုလ်၊

(ခ) တဏှာ ခြားပြီးမှ မဂ်လေးတန်ကို ရလတ္တံ့သော ပုဂ္ဂိုလ်ဟု ၂–မျိုး ပြားပြန်၏။

http://www.dhammadownload.com



နံပါတ်(၂) မိမိဖြစ်ခိုက်သောဘုံ၌ နောင် ပြန်မဖြစ်ပြန်ကောင်းပုဂ္ဂိုလ်သည်လည်း –

(က) လောဘမူ မရဏာသန္နဇောဖြင့် စုတေလတ္တံ့သောပုဂ္ဂိုလ်၊

(ခ) ဒေါသမူ, မောဟမူ, မဟာကုသိုလ် မရဏာသန္နဇောဖြင့် စုတေလတ္တံ့သော ပုဂ္ဂိုလ်ဟု ၂–မျိုး ပြားပြန်၏။

ထိုပုဂ္ဂိုလ်တို့နှင့် ၄င်းတို့၏ ဖြစ်ရာဘုံတို့ကို ဒုက္ခ, သမုဒယ နှစ်ပါးလုံး ဖြစ်လတ္တံ့၊ ဒုက္ခသာ ဖြစ်လတ္တံ့၊ နှစ်ပါးလုံး မဖြစ်လတ္တံ့အားဖြင့် ပိုင်းခြား၍ တရားပုံထားကြောင်း သိကြပါလေ။

## ဝိဘင်း

**လုံ၊ အနု တစ်ဖက်ရ–** အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, အသညသတ္တာနံ တေသံ တတ္ထ။

**လုံ၊ အနု နှစ်ဖက်ရ –** ဣတရေသံ စတုဝေါကာရာနံ, ပဉ္စဝေါကာရာနံ တေသံ တတ္ထ။

**လုံ၊ ပဋိ, နိုက်၊ အနု –** အာမန္တာ။

**နိုက် နှစ်ဖက်ရ –** ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ။

## အရကောက်

**လုံ၊ အနု တစ်ဖက်ရ –** ပုဂ္ဂလဝါရ ဒုက္ခသစ္စမူ + သမုဒယသစ္စမူအတိုင်း ကောက်ပြီးနောက် အောက်ပါအတိုင်း ဘုံသတ်ပါ။

.......ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ် ဘုံ။ **(အစစ်)**

မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ် အံ့– ပဋမဇောမှစ၍ စုတိတိုင်အောင်၊ ဒေါသမူ, မောဟမူ, မဟာကုသိုလ်ဇောဖြစ်အံ့–အဆုံးစွန်သောတဏှာမှ စ၍ စုတိ ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်, ကျွတ်ထိုက် သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ် သော ပဉ္စဝေါကာရ နှစ်ဆယ့်ငါးဘုံ။ **(အတု)**

အသညသတ်ဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော အသညသတ် ..... အသညသတ်ဘုံရ၏။

**လုံ၊ အနု နှစ်ဖက်ရ** – တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့ – ပဋိသန္ဓေမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ် ပုထုဇဉ်။

သောတာပန်ဖြစ်ပြီးမှ တဏှာခြားမူကား..... ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်။ သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။

http://www.dhammadownload.com



သကဒါဂါမိ ဖြစ်ပြီးမှ တဏှာခြားမှုကား....ဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အောက်ဖလဋ္ဌာန် နှစ်ယောက်၊

အနာဂါမိဖြစ်ပြီးမှ တဏှာခြားမှုကား.....ကျွတ်ထိုက်သောတိဟိတ် ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ်ဘုံ။ **(အစစ်)**

မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသောပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့–ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်၊ ဒေါသမူ, မောဟမူ, မဟာကုသိုလ်ဇောဖြစ်အံ့–ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်, ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်တစ်ဘုံ **(အတု)** လည်း ရ၏။

မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ – ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်, ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်တစ်ဘုံလည်း ရ၏။

**နိက် နှစ်ဖက်ရ** – တိဟိတ်စုတိ တေရသ၊ စေတသိက် ပဉ္စတိံသတို့၏ ..... အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ်ဘုံ။ **(အစစ်)**

မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော စုတိစိတ် ကေ္ဂနဝီသ၊ စေတသိက် ပဉ္စတိံသတို့၏..... မကျွတ်ထိုက်, ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်ငါးဘုံ၊

အသညသတ်ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ, စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ။ **(အတု)**

http://www.dhammadownload.com



ဒုက္ခမူ + မဂ္ဂမူလီ

| ဒုက္ခ၊ မဂ္ဂ | ဒုက္ခ | × |
|---|---|---|
| ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလာဘိဿန္တိ, ယေ စဉ္စေ မဂ္ဂံ ပဋိလာဘိဿန္တိ တေသံ တတ္ထ | အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလာဘိဿန္တိ, အာပါယိကာနံ, အသညသတ္တာနံ တေသံ တတ္ထ | ပစ္ဆိမစိတ္တသမင်္ဂီနံ |

အမှာ။ ။ ဝိထိများချလျက် ဇယားဖြင့် ပိုင်းခြားပြလျှင် အသိဉာဏ် မရှင်းဘဲ သာ၍ပင် ရှုပ်ထွေးဖွယ်ရှိ၍ အသိဉာဏ်ရှင်း လွယ်ကူပါစေခြင်းအကျိုးငှါ ဝိဘင်းများကိုပင် ဇယားချပြီး ပြလိုက်ခြင်း ဖြစ်ပါသည်။

## အရကောက်

__လုံ–အနု တစ်ဖက်ရ__– အရဟတ္တမဂ်၏..... အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

– အရဟတ္တမဂ်နန္တရဖိုလ်မှ စ၍ ..... အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ ၄–ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂–ဘုံ။

– **မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော** သူဖြစ်အံ့– ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင်၊ **မဖြစ်ပြန်ကောင်းသော**သူဖြစ်အံ့– ပဋိသန္ဓေမှ စ၍ စုတိ၏ အနန္တရတိုင်အောင် .....မကျွတ်ထိုက်, ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် တို့အား စတုဝေါကာရ ၄–ဘုံ ကာမသုဂတိ ၇–ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀–ဘုံ။ (ဤကား ယေ စ ပုထုဇ္ဇနာ အစစ်တည်း)။

**မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝသော အောက်မဂ်ကို ရ၍ တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်း**သောသူဖြစ်အံ့– အဆုံးစွန်သော မဂ်မှစ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– အဆုံးစွန်သောမဂ်မှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက် သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အောက်မဂ္ဂဋ္ဌာန် ၃–ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်။

**မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝကသာ အောက်မဂ်ကို ရ၍ တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့တွင်** ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်၊ ဤပုဂ္ဂိုလ်တို့အား အာကိဉ္စညာယတနတိုင် အောင်သော စတုဝေါကာရ ၃–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပါ ဝစရ ၉–ဘုံ။

**တစ်ပါးဘုံကသာ အောက်မဂ်ကို ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတ္တံ့သောပုဂ္ဂိုလ်တို့တွင်** ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အောက်ဖလ–

http://www.dhammadownload.com



ဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတုဝေါကာရ ၃–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ သုဘာကိဏှာ တိုင်အောင်သော ရူပါဝစရ ၉–ဘုံ၊ သုဒဿီတိုင်အောင်သော သုဒ္ဓါဝါသ ၄–ဘုံ။ (ဤကား ယေ စ ပုထုဇ္ဇနာ အတု တည်း)။

မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှ စ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ် ၄–ဘုံ။

အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ် ......အသညသတ်ဘုံ။

<u>လုံ–အနု နှစ်ဖက်ရ</u> – အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏.....အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရ ၄–ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂–ဘုံ။

**မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝ မဂ်ကို မရမူ၍ နောင်ဘဝမှ ရလတ္တံ့သောသူဖြစ်သော်လည်းကောင်း၊ ဤဘဝ အောက်မဂ်ကိုသာ ရ၍ နောင်ဘဝမှ အထက်မဂ်ကို ရလတ္တံ့သောသူဖြစ်သော်လည်းကောင်း** ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော သုဂတိ အဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃–ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့အား စတု ဝေါကာရ ၄–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀–ဘုံ။

**မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝသာ မဂ်ကို ရလတ္တံ့သောသူဖြစ်အံ့**– ပဋိသန္ဓေမှ စ၍ အဆုံးစွန်ရသော မဂ်၏ ရှေး ဂေါတြဘူ ဝေါဒါန်၊ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃–ယောက်၊ အောက် ဖလဋ္ဌာန် ၃–ယောက်တို့အား စတုဝေါကာရ ၄–ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂–ဘုံလည်း ရ၏။

**အကျဉ်းချုပ်မှတ်ရန်**

| | | | | |
|---|---|---|---|---|
| ၁။ | မိမိဖြစ်ခိုက်ဘုံ၌ | မဂ်ကို မရလတ္တံ့ | ဖြစ်ပြန် | ပဋိ မှ စုတိ၊ |
| | | | မဖြစ်ပြန် | ပဋိ မှ စုတိ၏ အနန္တရ။ |

**(ယေ စ ပုထုဇ္ဇနာ အစစ်)**

| | | | | |
|---|---|---|---|---|
| ၂။ | ။ | ဤဘဝသာ အောက်မဂ်ကို ရ၍ တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိ..လတ္တံ့ | ဖြစ်ပြန် | ဆုံးမဂ်မှ စုတိ၊ |
| | | | မဖြစ်ပြန် | ဆုံးမဂ်မှ စုတိ၏ အနန္တရ။ |
| ၃။ | မိမိဖြစ်ခိုက်ဘုံ၌ | ရှေးဘဝကသာ အောက်မဂ်ကို ရ၍ တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရ ပရိ...ပြုလတ္တံ့ | ဖြစ်ပြန် | ပဋိ မှ စုတိ၊ |
| | | | မဖြစ်ပြန် | ပဋိမှ စုတိ၏ အနန္တရ။ |

http://www.dhammadownload.com



၅။ တစ်ပါးဘုံကသာ အောက်မဂ်ကို ရ
မိမိဖြစ်ခိုက်ဘုံ၌ မဂ်ကို မရလတ္တံ့. ဖြစ်ပြြန် ပဋိမှ စုတိ၊
မဖြစ်ပြြန် ပဋိမှ စုတိ၏ အနန္တရ။

(ယေ စ ပုထုဇ္ဇနာ အတု)

၅။ အာပါယိက မိမိဖြစ်ခိုက်ဘုံ၌ ဖြစ်ပြြန် ပဋိမှ စုတိ၊
မဖြစ်ပြြန် ပဋိမှ စုတိ၏ အနန္တရ။

## သမုဒယမူ + မဂ္ဂမူလီ

| သမုဒယ၊ မဂ္ဂ | သမုဒယ | မဂ္ဂ | × |
|---|---|---|---|
| ယေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ တတ္ထ | အာပါယိကာနံ, ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ တတ္ထ | ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ တတ္ထ | အဂ္ဂမဂ္ဂသမင်္ဂီနံ အရဟန္တာနံ အသညသတ္တာနံ တေသံ တတ္ထ |

**မှတ်ချက်။** ။ အရကောက် (စာ–၂၃၂)၌ ပဋိလောမ တစ်ဖက်ရဝိဘင်းကို ''ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ တတ္ထ''ဟု ထုတ်ထားသည်ကို တွေ့ရ၏။ ပါဠိတော်၌ ''ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ'' မပါပါ။ မပါခြင်းကသာ အမှန်ဖြစ်ပါသည်။

<u>**လုံ–အနု တစ်ဖက်ရ**</u> – မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့–ပဋိသန္ဓေမှ စ၍ စုတိတိုင် အောင်၊ မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့–ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်၊ ဒေါသမူ, မောဟမူ, မဟာကုသိုလ်ဇောဖြစ်အံ့– ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် .....ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ် ၄–ဘုံ၊

**မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတ္တံ့သောပုဂ္ဂိုလ်တို့တွင်** ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့–ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့–ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်၊ ဒေါသမူ, မောဟမူ, မဟာကုသိုလ်ဇောဖြစ်အံ့– ပဋိသန္ဓေမှ စ၍ အဆုံး စွန်သော တဏှာ၏ အနန္တရတိုင်အောင် ..... မကျွတ်ထိုက်, ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့ အား စတုဝေါကာရ ၄–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀–ဘုံ၊

http://www.dhammadownload.com



မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝသော အောက်မဂ်ကို ရ၍ တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– အဆုံးစွန်ရသော မဂ်မှ စ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဏှာဥပါဒ်သည်သူဖြစ်အံ့– အဆုံးစွန်သောမဂ် မှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ..... အောက်မဂ္ဂဋ္ဌာန် ၃–ယောက်၊ အောက်ဖလဋ္ဌာန် ၃–ယောက်၊

မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝကသော အောက်မဂ်ကို ရ၍ တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ..... အောက်ဖလဋ္ဌာန် ၃–ယောက်၊ ဤပုဂ္ဂိုလ်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတုဝေါကာရ ၃–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပါဝစရ ၉–ဘုံ။

တစ်ပါးဘုံကသော အောက်မဂ်ကို ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေ မှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ..... အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတုဝေါကာရ ၃–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပါဝစရ ၉–ဘုံ၊ သုဒဿီတိုင်အောင်သော သုဒ္ဓါဝါသ ၄–ဘုံရ၏။

အကျဉ်းချုပ်မှတ်ရန်

**အာပါယိက**

| | | | |
|---|---|---|---|
| | ဖြစ်ပြန် | | ပဋိ မှ စုတိ၊ |
| | မဖြစ်ပြန် | မရဏာသန္န လောဘဇော | ပဋိ မှ စတုတ္ထဇော၊ |
| | | ဒေါ်, မော, မဟာကုဇော | ပဋိ မှ ဆုံးတဏှာ၏ အနန္တရ။ |

**ယေ စ ပုထုဇ္ဇနာ မဂ္ဂံ ပဋိလဘိဿန္တိ**

၁။ မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင်

| | | | |
|---|---|---|---|
| ဤဘုံ၌ | ဖြစ်ပြန် | | ပဋိ မှ စုတိ၊ |
| | မဖြစ်ပြန် | မရဏာသန္န လောဘဇော | ပဋိ မှ စတုတ္ထဇော၊ |
| | | ဒေါ်, မော, မဟာကုဇော | ပဋိ မှ ဆုံးတဏှာ၏ အနန္တရ။ |

၂။ မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝသော အောက်မဂ်ကို ရ၍
တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိ...တို့တွင်

| | | | |
|---|---|---|---|
| ဤဘုံ၌ | ဖြစ်ပြန် | | ဆုံး မဂ် မှ စုတိ၊ |
| | မဖြစ်ပြန် | မဂ်ရပြီးမှ တဏှာ ဥပါဒ် | ဆုံး မဂ်မှ ဆုံး တဏှာ၏ အနန္တရ။ |

၃။ မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝကသော အောက်မဂ်ကို ရ၍
တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိ...တို့တွင်

http://www.dhammadownload.com



| | |
|---|---|
| ဤဘုံ၌ ဖြစ်ပြန် | ပဋိ မှ စုတိ၊ |
| မဖြစ်ပြန် | ပဋိ မှ ဆုံး တဏှာ၏ အနန္တရ။ |

၄။ တစ်ပါးဘုံကသော အောက်မဂ်ကို ရ၍
မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတ္တံ့ ...တို့တွင်

| | |
|---|---|
| ဤဘုံ၌ ဖြစ်ပြန် | ပဋိ မှ စုတိ၊ |
| မဖြစ်ပြန် | ပဋိ မှ ဆုံး တဏှာ၏ အနန္တရ။ |

**လုံ-အနု နှစ်ဖက်ရ** - မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝ မဂ်ကို မရမူ၍ နောင်ဘဝမှ ရလတ္တံ့သောသူ ဖြစ်သော်လည်းကောင်း၊ ဤဘဝ အောက်မဂ်ကိုသာ ရ၍ နောင်ဘဝမှ အထက်မဂ်ကို ရလတ္တံ့သောသူ ဖြစ်သော်လည်းကောင်း ပဋိသန္ဓေမှ စ၍ စုတိတိုင် အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃-ယောက်၊ အောက်ဖလဋ္ဌာန် ၃-ယောက်တို့အား စတုဝေါကာ ရ ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ။

မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝသာ မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင် ဖြစ် ပြန်ကောင်းသောသူ ဖြစ်သော်လည်းကောင်း၊ မဖြစ်ပြန်ကောင်းသောသူ ဖြစ်သော်လည်းကောင်း မဂ်ကို ရပြီးမှ တဏှာ မဥပါဒ်သသူ ဖြစ်အံ့- ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃-ယောက်၊ အောက်ဖလဋ္ဌာန် ၃-ယောက်။

မဂ်ရပြီးမှ တဏှာ ဥပါဒ်သသူဖြစ်အံ့- ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော မဂ်၏ရှေး ဂေါတြဘူ, ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၂-ယောက်၊ အောက်ဖလဋ္ဌာန် ၂-ယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ ၄-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာ ၂၂-ဘုံလည်း ရ၏။ **(အရကောက်ဆရာတော်နည်း)**။

**(တစ်နည်းကား)** မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝသာ မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်သော်လည်းကောင်း၊ မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဏှာဥပါဒ်သသူဖြစ်အံ့- ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော မဂ်၏ ရှေး ဂေါတြဘူ, ဝေါဒါန်တိုင်အောင် ..... ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၂-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတုဝေါကာရ ၃-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပါဝစရ ၉-ဘုံ။ မဂ်ရပြီးမှ တဏှာ မဥပါဒ်သသူဖြစ်အံ့- ပဋိသန္ဓေမှ စ၍ အဆုံးစွန်သောတဏှာ၏ အနန္တရတိုင်အောင် ..... ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့အား စတုဝေါကာရ ၄-ဘုံ အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံလည်း လည်း ရ၏။ **(ပုဂံအတွင်းဝန် ဆရာတော်ဘုရားကြီး ချိုးပြတော်မူသောနည်း)**။

http://www.dhammadownload.com



**လုံ–ပဋိ တစ်ဖက်ရ** –အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်၊ မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝသာ မဂ်ကို ရလတ္တံ့၊ ဤဘုံ၌ နောင် မဖြစ်ပြန်လတ္တံ့သော ပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဏှာ မဥပါဒ်သသူ ဖြစ်အံ့– အဆုံးစွန်သော တဏှာမှစ၍ အဆုံးစွန်ရသော မဂ်၏ ရှေး ဂေါတြဘူ, ဝေါဒါန်၊ အရဟတ္တ မဂ်၏ ရှေး ဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ..... ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃– ယောက်၊ အောက်ဖလဋ္ဌာန် ၃–ယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ ၄–ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂– ဘုံ ရ၏။ အနုလောမ သံသယလည်း ရ၏။

**နိုက် နှစ်ဖက်ရ** –အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂါ နန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရ ၄–ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂–ဘုံ။

မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇော ဖြစ်အံ့– ပဌမဇောမှ စ၍ စုတိတိုင်အောင်၊ ဒေါသမူ, မောဟမူ, မဟာကုသိုလ်ဇောဖြစ်အံ့– အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အပါယ် ၄–ဘုံ။ **(အာပါယိကာနံ–၏ အကြွင်းတည်း)**။

မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတ္တံ့သောပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်မဖြစ်ပြန်လတ္တံ့သော ပုဂ္ဂိုလ်တို့ အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့–ပဌမဇောမှ စ၍ စုတိတိုင်အောင်၊ ဒေါသမူ, မောဟမူ, မဟာကုသိုလ်ဇော ဖြစ်အံ့– အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်, ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား စတုဝေါကာရ ၄–ဘုံ၊ ကာမ သုဂတိ ၇–ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀–ဘုံ။

မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝသာ အောက်မဂ်ကို ရ၍ တစ်ပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ဤဘုံ၌ နောင် မဖြစ်လတ္တံ့သောပုဂ္ဂိုလ်တို့အား မဂ်ကို ရပြီးမှ တဏှာ မဥပါဒ်သသူဖြစ်အံ့– အဆုံးစွန်သော မဂ်မှ စ၍ စုတိတိုင်အောင်၊ ဥပါဒ်သသူဖြစ်အံ့–အဆုံးစွန်သော တဏှာမှ စ၍ စုတိတိုင်အောင်..... အောက်မဂ္ဂဋ္ဌာန် ၃–ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်။

မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝသာ အောက်မဂ်ကိုရ၍ တစ်ပါးဘုံမှာမှ အထက်မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ဤဘုံ၌ နောင် မဖြစ်ပြန်လတ္တံ့သောသူဖြစ်အံ့–အဆုံးစွန်သောတဏှာမှ စ၍ စုတိတိုင်အောင် ။ပ။ အောက်ဖလဋ္ဌာန် ၃–ယောက်၊ ဤပုဂ္ဂိုလ်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတုဝေါကာရ ၃–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ သုဘကိဏှာ တိုင်အောင်သော ရူပါဝစရ ၉–ဘုံ၊ တစ်ပါးဘုံကသာ အောက်မဂ်ကို ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတ္တံ့၊ ဤဘုံ၌ နောင် မဖြစ်ပြန်လတ္တံ့သောသူ ဖြစ်အံ့– အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင်..... အောက်ဖလဋ္ဌာန် ၃– ယောက်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတုဝေါကာရ ၃–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ သုဘကိဏှာတိုင် အောင်သော ရူပါဝစရ ၉–ဘုံ၊ သုဒဿီတိုင်အောင်သော သုဒ္ဓါဝါသ ၄–ဘုံ။ **(ယေ စ ပုထုဇ္ဇနာ အစစ် အတုကြွင်း)**။

အသညသတ်.... အသညသတ်ဘုံ။

http://www.dhammadownload.com



**အမှာစကား**

သစ္စယမိုက်သည် အလွန်နက်နဲကျယ်ဝန်းသောကြောင့် စာသင်သားများအနေဖြင့် ဝါရတွဲများကို လေ့လာသင်ကြားဖို့ရာ လွန်စွာ ခက်ခဲလှပါသည်။ ထို့ကြောင့် ဝါရတွဲများကို မပြတော့ဘဲ ဤအနာဂတ ပုဂ္ဂလောကာသ ဝါရမှာပင် နိဂုံးကမွတ် အခဆုံးသတ်လိုက်ပါသည်။ လွယ်ကူသော ဝါရတွဲ အချို့ကိုကား ပြဆိုခဲ့ပြီး ဖယားများကို နည်းမှီ၍ ဆိုနိုင်လောက်ပါသည်။

## ပဝတ္တိဝါရ ပြီး၏။

---

## ပရိညာဝါရ

ဤပရိညာဝါရ၌ နိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးတို့သည် လောကုတ္တရာတရားများ ဖြစ်ကြ၏။ လောကုတ္တရာတရားတို့၌ ပရိညာကိစ္စ မရှိသောကြောင့် ထိုသစ္စာ နှစ်ပါးတို့ကို မဟောပါ။

ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့ကား လောကီတရားများ ဖြစ်ကြ၍ ပရိညာကိစ္စ ရှိသောကြောင့် ထိုသစ္စာ နှစ်ပါးကိုသာ ဟောပါသည်။

ထို့ကြောင့် ဤပရိညာဝါရ၌ ဒုက္ခသစ္စာမူ သမုဒယသစ္စာမူလီ ၁–ပါးကိုသာလျှင် ရအပ်ပါသည်။

ယော ဒုက္ခသစ္စံ ပရိဇာနာတိ၊ သော သမုဒယသစ္စံ ပဇဟာတိ။

ယော ဒုက္ခသစ္စံ ပရိဇာနိတ္ထ၊ သော သမုဒယသစ္စံ ပဇဟိတ္ထ။

ယော ဒုက္ခသစ္စံ ပရိဇာနိဿတိ၊ သော သမုဒယသစ္စံ ပဇဟိဿတိ–စသည်ဖြင့် ဟောကြပါလေ။

ပိုင်းခြား၍ သိဆဲ, ပယ်ဆဲ၊ သိပြီး, ပယ်ပြီး၊ သိလတ္တံ့, ပယ်လတ္တံ့ပုဂ္ဂိုလ်များမှာ ခန္ဓယမိုက်အတိုင်းပင် ဖြစ်ပါ သည်။

## ပရိညာဝါရ ပြီး၏။

---

## သစ္စယမိုက်ပြီးပါပြီ။

---

http://www.dhammadownload.com

# ဆန္ဒမွန်

ဝါလျှင် ရေးသား၊ ကျမ်းစာများကို၊
သင်ကြားလေ့လာ၊ ပြုသည့်တာကြောင့်၊
များစွာ မဟုတ်၊ တစ်ပုဒ် တစ်ပါဒ၊ သိမြင်ကြ၍၊
ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊
ရှည်ကြာတည်ရေး၊ မှန်းမျှော်တွေးလျက်၊
အလေးဂရု၊ စွမ်းဆောင်မှုဖြင့်၊
သောတုနောင်လာ၊ ပြုနိုင်ပါသော်၊
အဟော် ဝတ၊ သြော်...ကောင်းစွဟု၊
တောင့်တစိတ်သား၊ ကျမ်းစာများကို၊
ရေးသားသမှု၊ ကြိုးပမ်းပြုသည်။ ။ ကြည့်ရှု မှတ်သားနိုင်ကြပါစေသော်။